# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၂၆ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၃၃)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂျော်ဂျီယာနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၆**

၂၀၀၇ ခုနှစ် မေ ၂၆ ရက်တွင် ကျရောက်သော ဂျော်ဂျီယာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂျော်ဂျီယာသမ္မတနိုင်ငံ သမ္မတ မစ္စတာမီခေးလ်၊ ဆာကာ(ရှ်)ဗီလီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတကာအဆင့်မီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသစ်ကြီးဖွင့်လှစ်

## ပြည်တွင်းပြည်ပခရီးသည်များကို အဆင့်မြင့်ဝန်ဆောင်မှုများ ပြည့်ဆည်းပေးနိုင်မည်

## နိုင်ငံတကာဆက်ဆံရေး စီးပွားရေးနှင့် လူမှုရေး ပိုမိုတိုးတက်ဖြစ်ထွန်း

## နိုင်ငံတော်၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှု ဂုဏ်ဒြပ်ကောင်းများဖြစ်

**ရန်ကုန် မေ ၂၅**

ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အေးရှားဝေါလ်ကုမ္ပဏီတို့ ပူးပေါင်းတည်ဆောက်ပြီးစီးခဲ့သည့် နိုင်ငံတကာအဆင့်မီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ရနာရီတွင် လေဆိပ်အဆောက်အအုံသစ် လေယာဉ်ဆိုက်ကပ်ပေါင်းကူးတံတား ဂိတ်အမှတ်(၁)အနီး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားကာ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

*စာမျက်နှာ ၈ ကော်လံ ၁* ✡

**မြန်မာ့အလင်း**

**ဆောင်းပါး အညွှန်း**

နိုင်ငံရေးတည်ငြိမ်မှု ခိုင်မာလာသဖြင့် တစ်မျိုးသားလုံး ပါဝင်ဆွေးနွေးခဲ့သည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနေသည်ကို မြန်မာအသိ ကမ္ဘာအသိပင်ဖြစ်သည်။ ထိုညီလာခံကြီး၏ ရလဒ်အဖြစ် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးပင် ထည်ထည်ဝါဝါ ပေါ်ထွန်းလာတော့မည်။

ရဲဘော်တင်ရွှေ၏ NLD ၏ မထူးသော အထူးကြေညာချက် ဆောင်းပါး (စာ–၄)

**နေလှန်းဆားကို သဘာဝနေရောင်ခြည် တစ်ဆက်တည်းရရှိမှသာထုတ်လုပ်နိုင် နေ့စဉ်စားသုံးသော လူသုံးကုန်ပစ္စည်းများတွင် ဆားသည်အရေးပါ**

ဆားကြမ်းများကို ဆားဆေး ဇလားထဲ လောင်းထည့်ရသည်။

နုနုရီနှင့် တင်တင်ဝင်းတို့၏ သတင်းမြင်ကွင်း (စာ–၁၂)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၂၆ ရက်)

# ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ပညာရေးဝန်ကြီးဌာနက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေလ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့အထိ သတ်မှတ်ထားသည်။

ကျောင်းနေအရွယ် ကလေးအားလုံး မူလတန်းပညာ သင်ယူခွင့်ရရှိရေးနှင့် မူလတန်းပညာ သင်ယူပြီးမြောက်သည်အထိ တက်ရောက်နိုင်ရေးအတွက် အခြေခံပညာကျောင်းများ မဖွင့်မီ ရက်သတ္တပတ်ကို ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းစီမံချက်အရ အသက်ငါးနှစ်ပြည့်ပြီးသည့် ကလေးများ၊ သူငယ်တန်းကျောင်းနေအရွယ်လွန်ကလေးများနှင့် မူလတန်းပညာ မပြီးဆုံးမီ ကျောင်းထွက်ခဲ့ရသည့် ကလေးများအားလုံး ကျောင်းအပ်နှံရေးအတွက် အားပေးဖြည့်ဆည်းပေးလျက် ရှိသည်။

ကျောင်းနေအရွယ်လွန် ကလေးများအား အသက်အရွယ်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုအရ မူလတန်းပညာကို အချိန်တိုအတွင်း သင်ယူပြီးမြောက်အောင် သင်ကြားပေးလျက်ရှိသည်။ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းနှင့် ကျောင်းနေအရွယ် ကလေးအားလုံး မူလတန်းပညာ ပြီးဆုံးသည်အထိ သင်ယူပြီးမြောက်ရေးလုပ်ငန်းတို့သည် အခြေခံပညာကဏ္ဍ အနှစ်(၃၀)စီမံကိန်း၏ စီမံချက်တစ်ခုလည်း ဖြစ်သည်။

ကျောင်းအပ်နှံရေးနှင့် ကျောင်းနေမြဲရေးလုပ်ငန်းကို နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုကြောင့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် အသက် ငါးနှစ်ပြည့် ကလေးဦးရေ၏ ၉၇ ဒသမ ၅၈ ရာခိုင်နှုန်းအထိ သူငယ်တန်း၌ ပညာသင်ယူနိုင်ခဲ့ကြသည်။

တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၏ ရေသောက်မြစ်ဖြစ်သော ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းနှင့် ကျောင်းနေမြဲရေးလုပ်ငန်းများကို ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များနှင့် မိဘပြည်သူများ ပူးပေါင်း၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တိုင်းမှူးဗိုလ်ချုပ်လှမြင့်ဝင်းနှင့် ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော်နှင့် သံဃာတော်များအား ပိဋကပါတ်ဆွမ်းလောင်းလှူ

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သာသနာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းစီမံဆောင်ရွက်ချက်အရ ပိဋကပါတ်ဆွမ်းအလှူခံ ကြွရောက်တော်မူကြမည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏိတအမှူးပြုသော သင်ကြား၊ စီမံဆရာတော်များနှင့် စာသင်သားသံဃာတော် စုစုပေါင်းအပါး ၄၅၀ တို့သည် မေ၂၃ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ပိဋကတ်တိုက်ဝင်းအတွင်း၌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမြွေးဝင်းနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်**(အပေါ်ပုံ)**တို့က ပိဋကပါတ်ဆွမ်း ဆက်ကပ်လောင်းလှူကြသည်။

**ဆက်ကပ်လောင်းလှူ**

အဆိုပါ ဆွမ်းလောင်းလှူပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများက ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များကို ဆက်ကပ်လောင်းလှူကြသည်။

**ဝိနည်းတော်နှင့်အညီဆွမ်းခံကြွမည်**

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ဆရာတော်၊ သံဃာတော်များသည် အခါအားလျော်စွာ သတ်မှတ်ထားသည့် ရပ်ကွက်အသီးသီးသို့ ဝိနည်းတော်နှင့်အညီ ဆွမ်းခံကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရန်ကုန်တိုင်း လသာမြို့နယ် ဗိုလ်ရွဲလမ်း အမှတ်(၃၀)နေ ဖခင် ဦးမောင်မောင်သန်းအား ရည်စူး၍ မိခင်ကြီး ဒေါ်စိန်စိန် မွေးနေ့နှင့် သမီး ဒေါက်တာဒေါ်နုအေးခင်၊ ဒေါ်ခင်အေးချို ကောင်းမှုအဖြစ် ကြေးပိဋကတ်ပဋ္ဌာန်းပါဠိတော် ကြေးပြားလေးချပ် အလှူငွေကျပ်တစ်သိန်းကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရ မွှာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ) ထံ လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။** (က-ပ)

## ဝန်ကြီးဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် မေ ၂၅**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ ခြောက်နိုင်ငံ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိများ အစည်းအဝေးသို့ တက်ရောက်ရန် မေ ၂၃ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

**တက်ရောက်**

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

**ရူပဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ(၁၉၈၄-၁၉၈၅) ရန်ကုန်တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ)၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁၂ ရက်က လှိုင်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ ဆရာကြီး၊ ဆရာမကြီးများကို ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းများ ပေးအပ်ကြပြီး ပူဇော်ကန်တော့ကြစဉ်။** (က-ပ)

## မြဝတီရုပ်မြင်သံကြား

**၂၆-၅-၂၀၀၇ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၂၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၄၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၀ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၂၀ | ၄။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂း၂၅ | ၅။ | ကျန်းမာသုတ |
| ၁၂း၃၀ | ၆။ | ရုပ်မြင်သံကြားဇာတ်လမ်း **ဒေင်မြို့သားများ** **သရုပ်ဆောင် ဒွေး၊ ထက်ထက်မိုးဦး** **ဒါရိုက်တာ-ညိုမင်းလွင်** |
| ၁၃း၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၄း၃၅ | ၄။ | ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| ၅း၃၅ | ၅။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၇။ | နိုင်ငံတကာသတင်း |
| ၆း၂၅ | ၈။ | မိုးလေဝသသတင်း |
| ၆း၃၀ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၄၀ | ၁၀။ | လျှပ်တစ်ပြက် |
| ၆း၄၅ | ၁၁။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇း၀၀ | ၁၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဤမှန်သော သစ္စာတရားကြောင့်** (အပိုင်း-၄) |
| ၈း၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၅။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း-၄၆) |

26-5 (02) 1 5/25/07, 1:46 PM

■ *ကျောဖုံးမှ*

## ကြည့်ရှုအားပေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ခြစ်စည်းရိုး ကြက်ဆူမျိုးစေ့များ ပေးအပ်သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မျိုးအိတ်များအတွင်း ခြစ်စည်းရိုးကြက်ဆူမျိုးစေ့များ စိုက်ပျိုးပေးအပ်ကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ ပျိုးအိတ်များနှင့် ပျိုးခင်းများအတွင်း မျိုးစေ့များ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ခြစ်စည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပွဲကိုကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများအားခြစ်စည်းရိုး ကြက်ဆူပျိုးပင်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခြစ်စည်းရိုး ကြက်ဆူပျိုးပင်များကို စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ ခြစ်စည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ခြစ်စည်းရိုးကြက်ဆူ ၁၀ဧကတွင် အပင်၁၂၀၀၀ စိုက်ပျိုးကြောင်း သိရှိရသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၅ဧက ခြစ်စည်းရိုးကြက်ဆူပင် စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့မှ ပခုက္ကူ-မုံရွာလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် စည်သာကျေးရွာအုပ်စု ငွေးချိုရွာ၏ အနောက်ဘက်၂ဖာလုံခန့်အကွာ ဆင်မင်းချောင်းပေါ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူ တည်ဆောက်လျက်ရှိသော ငွေးချိုရေလှောင်တမံ စီမံကိန်း ရှင်းလင်းဆောင်သို့ နံနက် ၈နာရီခွဲတွင် ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းအကောင်အထည်ဖော်မှု၊ ယာယီရေတားတမံ တည်ဆောက်မှု၊ တမံတည်ဆောက်မှု၊ ရေထုတ်ပြွန်တည်ဆောက်မှု၊ စက်ယန္တရား/ယာဉ်ရရှိမှု၊ တည်ဆောက်ရေးပစ္စည်းများလိုအပ်ချက်နှင့် ရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ငွေးချိုရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ငွေးချိုရေလှောင်တမံမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့်၅၇ပေနှင့် တမံအလျားပေ၂၁၀၀ ဖြစ်သည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၈၄၀ ဖြစ်ပြီး ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာဧက၄၀၀ဖြစ်ကြောင်းနှင့် လုပ်ငန်း၏ ၈၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

## ဖြစ်ထွန်းအောင်မြင်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူ ရေစကြိုလမ်း ထန်းငယ်တောကျေးရွာအနီး မိုင်တိုင်၉/၅အနီးရှိ ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြစ်စည်းရိုးကြက်ဆူပင် ၂၅ဧက စိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်က ကြက်ဆူပင်ဧက ၂၀ စိုက်ပျိုးပြီးစီးမှုနှင့် ရှင်သန်ဖြစ်ထွန်းမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များ မှာကြားပြီး စိုက်ခင်းအတွင်း ခြစ်စည်းရိုး ကြက်ဆူပင်များ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူ-မုံရွာလမ်း မိုင်တိုင်၉/၄ရှိ ရေစကြိုမြို့နယ် သစ်တောဦးစီးဌာန၏ သစ်တောစိုက်ခင်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ပခုက္ကူခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်က သစ်တောစိုက်ခင်းအား ထိန်းသိမ်းထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

## ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူ-ရေစကြိုလမ်း မိုင်တိုင် အမှတ် ၉/၃ နှင့် ၉/၄အကြား မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကြူရွာကျေးရွာအုပ်စု ဆင်ကြို့ကျေးရွာ၏ အနောက်ဘက်နှစ်ဖာလုံခန့်အကွာ၌ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသော ဆင်ကြို့ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး လုပ်ငန်းဆိုင်ရာများ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့်ပေ၃၀နှင့် အလျားပေ ၉၅၀ဖြစ်သည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ၅၉၂ ဧကပေဖြစ်ပြီး ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာ ဧက၁၅၀ဖြစ်ကြောင်းနှင့် တမံလုပ်ငန်း၏ ၉၀ရာခိုင်နှုန်း ပြီးစီးနေကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ကြို့ရေလှောင်တမံစီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ တမံအတွင်း ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူ-မုံရွာ ကားလမ်းဘေး ပခုက္ကူမြို့မှ ၈ မိုင်၄ဖာလုံအကွာ ရေစကြိုမြို့နယ် ကျောက်လှေကားကျေးရွာအနီး မိုင်တိုင် ၉/၂ ဖာလုံနှင့် ၉/၃ အကြား၌ Civil Tech Co., Ltd. က တာဝန်ယူ တည်ဆောက်လျက်ရှိသော နည်းပညာတက္ကသိုလ် (ပခုက္ကူ) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ Civil Tech Co., Ltd.မန်နေဂျင်းဒါရိုက်တာဦးအုန်းမြင့်က စီမံကိန်းဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ နည်းပညာတက္ကသိုလ်ကျောင်းအုပ် ဒေါက်တာဒေါ်ရွှေဇင်ဌေးက သင်ကြားစီမံဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ နည်းပညာတက္ကသိုလ်ပင်မအဆောက်အအုံမှာ သုံးထပ်ပင်မဆောင်ဖြစ်သည်။ မျက်နှာစာ အလျား ၅၁၃ပေ၊ ရှေ့/နောက်အလျား ၃၅၇ပေဖြစ်သည်။ စုစုပေါင်းကြမ်းခင်းဧရိယာ ၁၂၃၅၆၂ စတုရန်းပေ ဖြစ်ပြီး ပေ ၄၀ X၃၀ ၄၂ခန်း၊ ပေ ၁၂၀ X၈၀ စုဝေးခန်းမတစ်ခန်းပါရှိသည်။ ကျောင်းသား ၃၀၀၀လက်ခံသင်ကြားနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည်ပခုက္ကူ-မုံရွာလမ်း ၃/၂နှင့် ၃/၃ အကြားရှိ ကြံခင်း-ပခုက္ကူရထားလမ်း(ပခုက္ကူ-ပွင့်ဖြူလမ်းပိုင်း) ဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြန်မာ့မီးရထား လက်ထောက်အထွေထွေမန်နေဂျာ (မြို့ပြ) ဦးမောင်မောင်သွင်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်ရှုရပ်မှ ရထားလမ်းအူကြောင်း ဖောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး စက်ယန္တရားများဖြင့် ရထားလမ်းအူကြောင်း ဖောက်လုပ်ခြင်း၊ မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူ တက္ကသိုလ် ဘူတာတည်ဆောက်မည့်နေရာကို မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှု စစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

## ကြိုဆို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီမိနစ် ၅၀တွင် မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်ချုပ်စက်ရုံ (ပခုက္ကူ)သို့ ရောက်ရှိကြရာ စက်ရုံမှူး ဦးအောင်ထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးအောင်ထွန်းက စက်ရုံထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ငွေးချိုရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## မိုးထဲက ဂီတ

❑ တသည်းသည်းလျှင်
ပုလဲငွေမိုး၊ စိမ့်စွေဖြိုးပြီ
မိုးလုံးနဘံ ဂျိုးဂျိမ့်ညံ။
လျှပ်ပန်းပြိုးပြက် စည်ချက်မှန်။

❑ ကွင်းကျယ်အဝေး၊ ရိုးရေဖွေးလျက်
မြသွေးရှိန်းစို၊ ကောက်ပင်ပျိုတို့
လေချိုသုတ်ဖြူး၊ တေးဆိုမြူးပြီး
လွန့်လူးဘယ်ညာ တရှဲရှဲ။
ကတွတ်ပေါက်နား ဖျိုင်းတို့ဝဲ။
အုံးအင် အုံးအင် ဖားတို့ပွဲ။

❑ မိုးစွေငှက်၏
ခွန်းဆက်တေးသံ၊ အားသစ်ဖန်လျက်
အားမာန်ဝင့်ကြွား၊ လယ်သမားတို့
နွားနှင့်တူယှဉ်၊ ထွန်ရေးငင်ပြီ
နှင်တံကိုမြှောက်၊ ဟဲ့ - ဆိုငေါက်။
မိုးပေါက်ချွေးပေါက် တဖောက်ဖောက်။

❑ ရွံ့စက်ပေကျံ၊ ပြုံးပန်းပန်လျက်
တောဟန်ပီပီ၊ ညံ့စီစီလျှင်
ထဘီတိုတို၊ ရေစိုစိုနှင့်
မေပျိုတစ်သင်း၊ ကောက်စိုက်ဆင်းပြီ
တေးချင်းသာမော၊ တို့လယ်တော။
ရယ်မြူးပြောင်စ တသောသော

❑ သြော် - မိုးသည်းသည်းမှာ၊ တို့ရပ်ရွာ၏
သဘာဝမှန်၊ ဂီတသံလျှင်
လွင့်ပျံ့မျောပါ၊ ချစ်ဖွယ်သာဟု
ရင်မှာညွှတ်ပျောင်း၊ ပီတိလောင်းခိုက်
ခေါင်းလောင်းသံချို၊ နှုတ်ဆက်ကြိုလျက်
ထိုမှမကြာ၊ ရင်သည်းချာတို့
"ကကာကိကီ"၊ သံပြိုင်ညီစွာ
ကြည်မြမြူးပျံ့၊ စာအံသံကို
မိုးယံခွင်းကာ၊ ကြားရပါသော်
စာဆိုရင်၌၊ သည်းနွေးလှိုက်မျှ
နှစ်ခြိုက်ကြည်နူးမိတော့သတည်း။

**ဇော်မင်းမင်းဦး**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အထည်ချုပ်စက်ရုံအတွင်း အဝတ်အထည်များ ချုပ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးအောင်ထွန်းက လိုက်လံရှင်းလင်းပြသသည်။

## စိုက်ပျိုးထား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် စက်ရုံရှေ့၌ စိုက်ပျိုးထားသော ခြစ်စည်းရိုး ကြက်ဆူပင် အပင် ၂၀၀၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စက်ရုံသည် ခြစ်စည်းရိုးကြက်ဆူပင် ၁၀ဧက အပင် ၁၂၀၀၀ စိုက်ပျိုးထားပြီး ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ပခုက္ကူခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးနှင့် ခရိုင်အတွင်းရှိ ရေစကြို၊ မြိုင်၊ ပေါက်နှင့် ပခုက္ကူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှု၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ယခင်ခရီးစဉ် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်က မကွေးတိုင်း ပခုက္ကူခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ပခုက္ကူဒေသ၏ သွားလာလွယ်ကူမှု၊ သောက်သုံးရေ၊ စိုက်ပျိုးရေလုံလောက်မှု၊ ယာမှ လယ်အဖြစ် ပြောင်းလဲမှုအပါအဝင် စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်နိုင်မှု၊ ဒေသဝမ်းစာဖူလုံမှုနှင့် စီးပွားရေးအခြေအနေတို့မှာ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရကြောင်း။

## ဖွံ့ဖြိုးတိုးတက်

ပခုက္ကူဒေသ ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်း ဖွံ့ဖြိုးတိုးတက် ဖြစ်ထွန်းလာစေရန်အတွက် ဆောင်ရွက်လျက်ရှိရာ မော်တော်ကားလမ်း၊ လေယာဉ်ကွင်းများအပြင် ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေးမီးရထားလမ်း ဖောက်လုပ်ပေးခဲ့ပြီး ယခု ထပ်မံ၍ ပခုက္ကူ-သရက်-ကြံခင်း မီးရထားလမ်းကို စတင်ဖောက်လုပ်လျက်ရှိရာ မကွေးတိုင်း ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ထို့အပြင် ခြစ်စည်းရိုးကြက်ဆူပင်များ သတ်မှတ်ဧကထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးနှင့်ရှင်သန်ဖြစ်ထွန်းအောင်မြင်အောင် စနစ်တကျစီမံဆောင်ရွက်သွားရေး၊ ဒေသ၏ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် နှစ်ရှည်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ ဝါတိုးချဲ့စိုက်ပျိုးသွားရေးတို့ကို ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အဆင့်ဆင့်နှင့် ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## ဝိုင်းဝန်းထိန်းသိမ်း

ပခုက္ကူဒေသ စိမ်းလန်းစိုပြည်ရေးအတွက် စီမံစိုက်ပျိုးထားသည့် အရိပ်ရပင်များ၊ ဒေသဖွံ့ဖြိုးရေးနှင့် ဖော်ထုတ်တည်ဆောက်ထားသည့် လမ်း၊တံတား၊ ဆည်၊တမံများကိုလည်းရေရှည်တည်တံ့အသုံးပြုနိုင်အောင် ဌာနဆိုင်ရာများက ဦးဆောင်ဦးရွက်ပြု၍ ဒေသခံပြည်သူများက အလေးထား ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်ဖြစ်ကြောင်း မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ ဈေးအတွင်း၌ ဖွင့်လှစ်ထားသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူမြို့ ဆုကြီးပန်တောင် နိကာယအောင်မင်္ဂလာရွှေကျောင်းတော်ကြီးသို့ ရောက်ရှိကြပြီး နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ပခုက္ကူမြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# NLD၏ မထူးသော အထူးကြေညာချက်

NLD မှ ၁၁-၅-၂၀၀၇ရက်နေ့က အထူးကြေညာချက်တစ်စောင် ထွက်လာသည်ကို တွေ့ရသည်။

ကြေညာချက်တွင် ဖော်ပြထားသောစာပိုဒ်မှာ (စ)ထိပ်စီးတပ်ထားသော စာပိုဒ်ဖြစ်၍ ထိုစာပိုဒ်၏ အထက်တွင် (က)(ခ)(ဂ)(ဃ)နှင့် (င) စာပိုဒ်များပါရှိမည်ဖြစ်ပြီး စာပိုဒ်(စ)၏ နောက်တွင် နောက်ထပ်စာပိုဒ်များ ပါမပါကိုကား မသိနိုင်ပါ။

ယင်းကြေညာချက်တွင် အဓိကထား၍ ဖော်ပြထားသည်မှာ ဒေါ်စုကြည်သည် အမျိုးသားခေါင်းဆောင် တပ်မတော်၏ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်၍ ထိန်းသိမ်းထားရာမှ အမြန်ဆုံးလွှတ်ပေးရန် ဆိုသည့် တောင်းဆိုချက်ပင် ဖြစ်သည်။

ထို့ပြင် နောက်တစ်ချက်မှာ ဤသို့ဖြစ်သည်-

"အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းပြည်၏ အမှန်တကယ် လိုအပ်နေသော အခြေအနေများအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးပါရန် အကြောင်းကြားအပ်ပါသည်"

အထက်ဖော်ပြပါစာပိုဒ်မှာ အဆိုပါ အထူးကြေညာချက်၏ နောက်ဆုံး စာပိုဒ်ဖြစ်လေသည်။

**တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်အား အုပ်ချုပ်ရာတွင် ကျောသားရင်သားမခွဲခြားဘဲ အုပ်ချုပ်ခဲ့ခြင်း၊ အုပ်ချုပ်နေခြင်းဖြစ်သည်။**

**တည်ဆဲဥပဒေများအရ ဥပဒေဖောက်ဖျက်သူကို အရေးယူသည်၊ သူ့လူကိုယ့်ဘက်သား ခွဲခြားခြင်းမရှိ။ ဒေါ်စုကြည်သည် တပ်မတော် ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သည်မှာမှန်သော်လည်း တည်ဆဲ ဥပဒေကို ဖောက်ဖျက်ကျူးလွန်ခဲ့၍ ကျောသားရင်သားမခွဲခြားဘဲ တည်ဆဲ ဥပဒေအရ အရေးယူခဲ့ရခြင်း ဖြစ်သည်။**

ထိုသို့အရေးယူရာ၌ ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်နေ၍သာ နေအိမ်အတွင်း ကန့်သတ်တားမြစ်ချက်ဖြင့် နေခွင့်ရသည့် လျှော့ပေါ့ ပြစ်ဒဏ်ကို ခံရခြင်းဖြစ်သည်။ ထောင်သွင်း အကျဉ်းချထားသည်အထိ ပြစ်ဒဏ်ပေးနိုင်သောအမှုကို ကျူးလွန်ခဲ့သည်မှာ မှန်ပါလျက် လျှော့ပေါ့ ပြစ်ဒဏ်သာ ပေးထားခြင်းဖြစ်သည်ကို ပြည်သူတစ်ရပ်လုံးက နားလည် သဘောပေါက်ကြသည် ဖြစ်၏။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်၍ ဥပဒေမှကင်းလွတ်ခွင့် ပြုရမည်ဆိုသော အယူအဆကို မည်သူမျှလက်ခံနိုင်မည်မဟုတ်ပေ။

မည်သူမဆို ကျူးလွန်သောပြစ်မှုနှင့် ထိုက်သင့်သောပြစ်ဒဏ်ကို ခံရမည်သာ ဖြစ်၏။

ဒေါ်စုကြည် ကန့်သတ်တားမြစ်မှုခံရခြင်းမှာ ၂၀၀၃ခုနှစ် မေလ ၃၀ရက်နေ့က စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ် ကျီရွာအနီးတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခပြဿနာကြောင့် ဖြစ်သည်။

ဤပဋိပက္ခပြဿနာကြီးဖြစ်ပွားအောင် ဇွတ်တိုးလုပ်ဆောင်ခဲ့သော အဓိက ပုဂ္ဂိုလ်အဖြစ် ဒေါ်စုကြည်အား သက်ဆိုင်ရာက ထိန်းသိမ်းခြင်း ဖြစ်၏။

ဒေါ်စုကြည်အား ယခင်တားမြစ်ထားရာမှ ရုပ်သိမ်းပြီး တပ်မတော် အစိုးရ တာဝန်ရှိသူတို့နှင့် တွေ့ဆုံဆွေးနွေးကာ ညှိနှိုင်းခွင့်ပြုချက်ဖြင့် စည်းရုံးရေးခရီးစဉ်ထွက်ခဲ့ရာ ဒေါ်စုကြည်က တစ်စထက်တစ်စ နှစ်ဦး နှစ်ဖက် သဘောတူညီချက်ကို စတင်ဖောက်ဖျက်ခဲ့သည်။ သူမအား ကြိုးဆွဲသူ ပြည်ပအလိုကျ ထိပ်တိုက်ရင်ဆိုင်ရေးလမ်းကြောင်းကို ပြန်လည် ဖော်ဆောင်ပြီး ဆူပူအောင် လှုံ့ဆော်ဟောပြောပြုမူခဲ့ခြင်းကြောင့် ဤမလိုလားအပ်သော ပဋိပက္ခပြဿနာ ဖြစ်ပွားရခြင်း ဖြစ်သည်။

ပြည်သူလူထုတွင် လွတ်လပ်စွာယုံကြည်ခွင့် ရှိသည်ဖြစ်ရာ တပ်မတော်အစိုးရ၏ ဒီမိုကရေစီဖော်ဆောင်မှုကို မယုံကြည်သော ဒေါ်စုကြည်နှင့် နောက်လိုက်နောက်ပါအချို့ ရှိနိုင်သလို တပ်မတော် အစိုးရ၏ ဒီမိုကရေစီ ဖော်ဆောင်မှုကို ယုံကြည်ထောက်ခံသည့် ပြည်သူ များလည်းရှိနေသည်မှာ သဘာဝယုတ္တိကျသော အချက်ဖြစ်၏။

ငြိမ်နေသော ရေပြင်ကို ဂယက်ထအောင် ခဲပစ်ချသူမှာ ဒေါ်စုကြည် သာလျှင် ဖြစ်သည်။ ဒေါ်စုကြည်၏ နယ်ချဲ့လက်သစ်အလိုကျ တပ်မတော် အစိုးရအား နင်ပဲငဆ ပြောဟောလာသော အချက်များက ဒီပဲယင်း ပဋိပက္ခပြဿနာကြီးကို ဖြစ်ပွားစေခဲ့ခြင်း အကြောင်းရင်းဖြစ်၏။

ထို့ကြောင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြား အောင် လုပ်ဆောင်မှုဖြင့် ဒေါ်စုကြည်အား နေအိမ်တွင် ပြန်လည် တားမြစ် ကန့်သတ်လိုက်ရခြင်းဖြစ်လေသည်။

**ဒေါ်စုကြည်အား လွတ်လပ်ခွင့်ပေးလိုက်တိုင်း နယ်ချဲ့လက်သစ် တို့၏ ကြိုးဆွဲမှုအတိုင်း ပြည်ထောင်စုပြိုကွဲအောင်နှင့် တိုင်းပြည် အေးချမ်းသာယာမှု ပျက်ပြားအောင် ရှေးရှုကာ လှုပ်ရှားလာလေ့ရှိသည်ကို အုပ်ချုပ်သူတို့အနေဖြင့် အတွေ့အကြုံများစွာ ရှိခဲ့ပြီဖြစ်ရာ စိတ်ချရသည့် အခြေအနေ မရောက်မချင်း လွှတ်ပေးဖို့ဝန်လေးနေမည်သာ ဖြစ်သည် ကိုလည်း ပြည်သူအများက လေ့လာတွက်ဆ သိရှိထားကြပြီး ဖြစ်၏။**

**ဤသို့နေအိမ်၌ ကန့်သတ်တားမြစ်မှုခံနေရခြင်းကို မလိုလား၍ လွတ်လပ်စွာနေလိုလျှင် မိမိလာရာလမ်းဖြစ်သော အင်္ဂလန်နိုင်ငံမိသားစု ရှိရာသို့ ပြန်မည်ဆိုပါက သက်ဆိုင်ရာက အကြည်အသာ ခွင့်ပြုလိမ့်မည်ဟု ထင်ပါသည်။**

NLD၏ အထူးကြေညာချက်တွင် နောက်တစ်ချက် ဖော်ပြထားသည်မှာ "အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းပြည်၏ အမှန်တကယ် လိုအပ်သော အခြေအနေအရ"ဟု ဆိုထားပြန်ပါသည်။

ယနေ့နိုင်ငံတော်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေး ကင်းမဲ့ နေသည့် သဘောမျိုး NLDက ပြောလိုက်ခြင်းဖြစ်ရာ အခြေအနေမှန်ကို ဖော်ပြဖို့ လိုလာပါသည်။

NLDက ဒေါ်စုကြည်မပါသဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး မရှိဟု ပြောနေခြင်းဖြစ်ပါသည်။ အမှန်တကယ်တော့ ဒေါ်စုကြည်သည် NLD ၏ ပါတီအာဏာရှင်ခေါင်းဆောင်သာ ဖြစ်ပါသည်။ ဒေါ်စုကြည်သည် တစ်မျိုးသားလုံးကို ကိုယ်စားပြုသော အမျိုးသားခေါင်းဆောင်မဟုတ်ပါ။ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသူပင် မဟုတ်ပါ။ ပြည်သူအများစု ကလည်း ဒေါ်စုကြည်အား ဗိုလ်ချုပ်သမီးအဖြစ်သာ သိထားကြခြင်းဖြစ်ပြီး မိမိတို့ ပြည်သူ့ခေါင်းဆောင်ဟူ၍ အသိအမှတ်ပြုထားခြင်း လုံးဝရှိသည် မဟုတ်ပေ။

**တပ်မတော်အစိုးရသည် အမျိုးသားပြန်လည်စည်းရုံးရေး၊ သင့်မြတ် ရေး အခြေခံဖြင့် အမျိုးသားညီလာခံကြီး ကျင်းပပေးလျက် ရှိနေပေသည်။ အမျိုးသားညီလာခံဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်**

## ရဲဘော် တင်ရွှေ

**နေခြင်းဖြစ်သည်။ အမျိုးသားညီလာခံ တက်ရောက်သူများတွင် တိုင်းရင်း သား လူမျိုးပေါင်းစုံမှ ကိုယ်စားလှယ်များ၊ လူတန်းစားအလွှာပေါင်းစုံမှ ကိုယ်စားလှယ်များ၊ တရားဝင်တည်ရှိနေသော နိုင်ငံရေးပါတီများမှ ကိုယ်စား လှယ်များ၊ တစ်သီးပုဂ္ဂလရွေးချယ်ခံ ကိုယ်စားလှယ်များ၊ တတ်သိပညာ ရှင်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များနှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စား လှယ်များပါ ပါဝင်၍ ရင်းရင်းနှီးနှီး သင့်သင့်မြတ်မြတ် ဆွေးနွေးညှိနှိုင်းနေကြ သည်ကို ပြည်သူအားလုံး မြင်တွေ့သိရှိပြီး ဖြစ်လေသည်။**

ထိုမျှပြည့်စုံနေသော အမျိုးသားပြန်လည်သင့်မြတ်ရေး ဆောင်ရွက် မှုတွင် နယ်ချဲ့လက်ဝေခံ နယ်ချဲ့သမား၏ ရုပ်သေးရုပ်ဖြစ်သော ဒေါ်စုကြည် ပါဝင်ရန် လိုအပ်မည်ဟု ပြည်သူတို့အနေဖြင့် ခံယူထားခြင်း မရှိကြပါ။

သို့သော် ပြောစရာဆို၍ နိုင်ငံတကာနည်းတူ ကုန်ဈေးနှုန်းကြီးမြင့် လာသည့် ပြဿနာတော့ရှိ၏။ ထိုပြဿနာကိုလည်း တပ်မတော်အစိုးရ က လျော့နည်းသက်သာမှုရအောင် လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် ဖြေရှင်း ပေးနေပေသည်။ ဥပေက္ခာပြုထားသည် မဟုတ်ပါ။

အခြေခံ လူတန်းစားအသီးသီး၏ အခြေခံဝင်ငွေမှာ ယနေ့ကာလ တွင် ထိုက်ထိုက်တန်တန် ရရှိနေကြသည်။ ဆိုက်ကားနင်းသူတစ်ဦး၏ တစ်နေ့တာဝင်ငွေသည် ကျပ်သုံးထောင်အထက်မှာရှိသည်။

အငှားယာဉ်မောင်းသမားတစ်ဦး၏ ဝင်ငွေမှာ တစ်နေ့ ကျပ် တစ်သောင်းနီးပါးရှိသည်။ ကားပေါ် ထိုင်လိုက်မိလျှင် ခရီးတိုက ရှစ်ရာကျပ်၊ ခရီးဝေးသော် တစ်ထောင့်ငါးရာကျပ် အထက်မှာရှိ၏။

ဆောက်လုပ်ရေးလုပ်သားများဆိုလျှင် ကျွမ်းကျင်လုပ်သား၏ လုပ်ခမှာ တစ်နေ့အနိမ့်ဆုံး သုံးထောင်ကျပ်ဖြစ်ပြီး သာမန်လုပ်သားဆိုက တစ်ထောင့်ငါးရာကျပ် ရနေသည်။

ပုံကျအလုပ်သမားများဖြစ်သော သင်္ဘောဆိပ်မှ ခရီးသည်ကြို လုပ်သားများ၊ ဘူတာရုံမှ ခရီးသည်ကြိုလုပ်သားများ၏ ဝင်ငွေမှာလည်း နည်းလှသည်မဟုတ်ပေ။ စာရေးသူကိုယ်တွေ့ပြောရလျှင် စာရေးသူနှင့် ဇနီး၊ အဘိုး၊ အဘွားနှစ်ယောက် မန္တလေးမှ ပြန်လာစဉ်က ဘူတာကြီးတွင် ပါလာသော လက်ဆွဲအိတ်နှစ်လုံးနှင့် လက်ဆွဲခြင်းတစ်ခြင်း သယ်ယူရန် အတွက် အလုပ်သမားခ တစ်ထောင်ကျပ် ပေးလိုက်ရလေသည်။

ဆံပင်ညှပ်လုပ်သားများ၏ ဆံပင်ညှပ်ခမှာလည်း ငါးရာကျပ်၊ တစ်ထောင်ကျပ် ဖြစ်နေလေပြီ။

တောင်သူလယ်သမားတို့၏အခြေအနေမှာလည်း ၎င်းတို့၏ လယ်ယာမှ ထွက်သော ကောက်ပဲသီးနှံ၊ ဆန်စပါး ဈေးကောင်းနေ၍ ကျေးရွာများမှ တောင်သူလယ်သမားများ စားဝတ်နေရေး ပြေလည်ပြီး သွပ်မိုး၊ ပျဉ်ကာ၊ အိမ်ကြီး၊ အိမ်ကောင်းများ ဆောက်လုပ်နိုင်သည့်အပြင် တီဗွီအပေါ်စက်၊ အောက်စက်အစုံဖြင့် ပြည့်စုံနေသည်ကို တွေ့မြင်နိုင်ကြပါသည်။

လယ်လုပ်သားများနှင့် စာရင်းငှားများအားလည်း လယ်ပိုင်ရှင်၊ ယာပိုင်ရှင်များက လုပ်ခ ထိုက်ထိုက်တန်တန် ပေးနေပြီမို့ ဝဝလင်လင် စားသောက်နေထိုင်ကြသည်ကို မြင်တွေ့နေကြရပါသည်။ ကျေးလက် ဒေသများတွင် စားဝတ်နေရေး အကျပ်အတည်းပြဿနာဟူ၍ မရှိ သလောက် နည်းပါးနေပြီဖြစ်သည်။ ဝန်ထမ်းများကိုလည်း တပ်မတော် အစိုးရက ခေတ်အဆက်ဆက်တွင် မခံစားခဲ့ဖူးသော လစာနှုန်းထား အသီးသီးတိုးမြှင့်ပေးထားပြီးဖြစ်ရာ မပိုလျှံသည့်တိုင်အောင် သင့်တင့် မျှတမှု ရှိနေသည်မှာလည်း အမှန်ဖြစ်၏။

**ယနေ့ကာလတွင် လူတန်းစားအသီးသီး၏ လူနေမှုအဆင့်အတန်းမှာ ယခင်ကာလများနှင့်မတူ တစ်မူထူးခြားပြီး တိုးတက်မြင့်မားနေသည်မှာ ပကတိအခြေအနေများက အခိုင်အမာ သက်သေပြနေပြီဖြစ်သည်။ ဤသည် မှာ ငြင်းမရသော အရှိတရားများပင်ဖြစ်သည်။**

**NLD လက်ရှိခေါင်းဆောင်များ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဘာကိုမျှမလုပ်ရ၊ မလုပ်ဝံ့၊ လုပ်ခွင့် မရှိသည့်ဘဝမှာ သနားဖွယ်ကောင်းလှသည်ဟု ပြောရန်မှတစ်ပါး အခြားမရှိ။**

**ပါတီတွင်း ဒီမိုကရေစီကိုပင် ကျင့်သုံးခွင့်မရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံတော်အား ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်မည်ဆိုသည်ကို ပြည်သူတို့က အဘယ်သို့ ယုံကြည်နိုင်ပါမည်နည်း။**

**ပြည်သူတို့ကို မဆိုထားနှင့်၊ NLD ပါတီ၏ ပါတီဝင်များ ယနေ့တိုင် နေ့စဉ်နှင့်အမျှ နုတ်ထွက်ကုန်ကြသော အဖြစ်များက NLD ၏ အခြေအနေမှန်ကို မီးမောင်းထိုးပြ။**

ထို့ပြင် အမျိုးသားပြန်လည်သင့်မြတ်ရေး ရရှိမှုအခြေအနေကို တပ်မတော်အစိုးရ အနေဖြင့် ဖန်တီးဖော်ဆောင်ထားပြီးဖြစ်၍ ထပ်မံ စဉ်းစားရန် မလိုတော့ပေ။

တစ်ဖန် NLD၏ အထူးကြေညာချက်တွင် "တိုင်းပြည်၏ အမှန် တကယ် လိုအပ်သော အခြေအနေအရ"ဟုလည်း ဖော်ပြထားပြန်ပါသည်။

"တိုင်းပြည်၏ အမှန်တကယ်လိုအပ်သော အခြေအနေ"ဟုဆိုသည် မှာ တိုင်းပြည်တွင် ဘာတွေဖြစ်နေ၍ ဘာတွေလိုအပ်နေတာလဲ ဆိုသည် ကို ရှင်းရှင်းလင်းလင်း ရေးသားဖော်ပြထားခြင်း မရှိကြောင်း တွေ့ရ သည်။

သို့ဖြစ်ရာ တိုင်းပြည်၏အခြေအနေနှင့် ပကတိတည်ရှိနေသည့် အနေအထားကို ပြည်ပ ပယောဂကင်းရှင်းစွာဖြင့် ရှုမြင်ရန် လိုအပ်လာ ပါသည်။ ယနေ့နိုင်ငံတော်၏ အခြေအနေနှင့်စပ်လျဉ်း၍ နယ်ချဲ့ အင်္ဂလိပ်ခေတ်၊ ဖက်ဆစ်ဂျပန်ခေတ်၊ လွတ်လပ်ရေးရပြီး ပါလီမန် ဒီမိုကရေစီခေတ်ဆိုသည့် ခေတ်များကို ကောင်းစွာသိမြင်ခဲ့ပြီး အတွေ့အကြုံ များခဲ့ပြီဖြစ်သော နိုင်ငံရေးသမားတစ်ဦးအနေဖြင့် ပြောရလျှင် ယနေ့ တပ်မတော် အစိုးရခေတ်လောက် တိုင်းပြည်အေးချမ်းသာယာသောခေတ်၊ နိုင်ငံရေးတည်ငြိမ်မှုအရဆုံးခေတ် မရှိခဲ့ပေ။

**နိုင်ငံရေးတည်ငြိမ်မှု ခိုင်မာလာသဖြင့် တစ်မျိုးသားလုံး ပါဝင် ဆွေးနွေးခဲ့သည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနေသည်ကို မြန်မာအသိ ကမ္ဘာအသိပင်ဖြစ်သည်။ ထိုညီလာခံကြီး၏ ရလဒ်အဖြစ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးပင် ထည်ထည်ဝါဝါ ပေါ်ထွန်းလာတော့မည် ဖြစ်၏။**

သို့ဖြစ်ရာ ဒေါ်စုကြည် လွတ်မြောက်ရေးသည် အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် လည်းကောင်း၊ တိုင်းပြည်၏ အမှန်တကယ် လိုအပ်ချက် မဟုတ်သည်ကိုလည်းကောင်း ထင်ရှားစွာ သုံးသပ်တွေ့ရှိ နိုင်ပါသည်။ အမှန်စင်စစ် NLD အတွက်သာ ရုပ်ပြခေါင်းဆောင်မဲ့နေ၍ ဒေါ်စုကြည်အား လိုအပ်နေသည်သာ ဖြစ်ပါလိမ့်မည်။

**NLD လက်ရှိခေါင်းဆောင်များ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဘာကိုမျှမလုပ်ရ၊ မလုပ်ဝံ့၊ လုပ်ခွင့်မရှိသည့် ဘဝမှာ သနားဖွယ်ကောင်း လှသည်ဟု ပြောရန်မှတစ်ပါး အခြားမရှိတော့ပါ။**

**ပါတီတွင်း ဒီမိုကရေစီကိုပင် ကျင့်သုံးခွင့်မရှိသော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံတော်အား ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင် မည်ဆိုသည်ကို ပြည်သူတို့က အဘယ်သို့ ယုံကြည်နိုင်ပါမည်နည်း။**

**ပြည်သူတို့ကို မဆိုထားနှင့်၊ NLDပါတီ၏ ပါတီဝင်များ ယနေ့ တိုင် နေ့စဉ်နှင့်အမျှ နုတ်ထွက်ကုန်ကြသော အဖြစ်များက NLD၏ အခြေအနေမှန်ကို မီးမောင်းထိုးပြနေခြင်း ဖြစ်ပါသည်။**

တကယ်တော့ NLD၏ အထူးကြေညာချက် ၅၊၀၅၊၀၇ ဆိုသည် မှာ ထူးသည်ဆိုပြီး မဆန်းသော မဲပြာပုဆိုးကြေညာချက်သာ ဖြစ်ပါသည်။

NLDအနေဖြင့် ဤသို့သော မဲပြာပုဆိုး ကြေညာချက်များကိုသာ အပ်ကြောင်းထပ်အောင် ကြေညာနေမည့်အစား တိုင်းပြည်၌ အလုပ်အကိုင် နှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုပွင့်လန်းလာစေရေးအတွက် ပြည်ပ ဆရာကြီးများ၏ စီးပွားရေးပိတ်ဆို့မှုများ ချက်ချင်းရုပ်တန့်ပိတ်သိမ်း ပေးရန် တောင်းဆိုသည့် ကြေညာချက်ကိုသာ ထုတ်ပြန်ကြေညာသင့် ကြောင်း ရေးသားလိုက်ရပေသည်။ ။

# လုပ်ရှားမှုထူးချွန်ပထမ၊ ပတ်ဝန်းကျင်ကျန်းမာရေးအထူးဆုနှင့် စာတမ်းတတိယဆုရ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အား ဂုဏ်ပြု

## တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် မေ ၂၅

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မေ ၁၈ရက် ည ၇ နာရီက အောင်မြေသာစံမြို့နယ် ၂၇ လမ်းနှင့် ၆၄ လမ်းထောင့်ရှိ Oriental House တွင် ကျင်းပသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှချီးမြှင့်သော ၂၀၀၆ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ပထမဆု၊ ပတ်ဝန်းကျင်ကျန်းမာရေးအထူးဆု၊ စာတမ်းဆုတတိယဆုရ မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းအတွင်းရှိ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအား ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။**

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကား ပြောကြားသည်။

### အလှူငွေပေးအပ်

ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် သားဖွားခန်းများ ဆောက်လုပ်ရန်အတွက် ငွေကျပ် သိန်း၅၀၀၊ ချို့တဲ့ကလေးများ ပညာသင်စရိတ်ထောက်ပံ့ခြင်းဆောင်ရွက်ရန် ငွေကျပ် သိန်း ၅၀၀တို့ကို မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ကလှူဒါန်းရာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံရယူသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) မန္တလေးတိုင်း နယ်မြေတာဝန်ခံ အမှတ် (၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက ငွေကျပ်ငါးသိန်း၊ ဦးတင်မောင်–ဒေါ်နန်းလှစိန်(နန်းတော်ဆေးရုံ)မိသားစုက ငွေကျပ် သိန်း၃၀၊ ဦးရွှင်ချောက်(အေသုံးလုံးဘိလပ်မြေ)က ငွေကျပ် သိန်း၂၀၊ ဦးရန်အောင်–ဒေါ်ရင်ရွှေ(နယူးစတားစိန်ရွှေရတနာဆိုင်)မိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးစိန်မြင့်–ဒေါ်စန်းကြူ(ဒုံးပျံဂျုံစက်)မိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးအောင်ဝင်းခိုင်(မြန်မာဆင်ကုမ္ပဏီ)က ငွေကျပ်ငါးသိန်း၊ ဦးကျော်စိန်(ဂျေအယ်လ်စီကုမ္ပဏီ)က ငွေကျပ်ငါးသိန်းနှင့် ဈေးချိုတော် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲက ငွေကျပ်ငါးသိန်းတို့ကို လှူဒါန်းရာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံရယူသည်။

ယနေ့ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ လှူဒါန်းထားသော အလှူငွေများမှာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၁၀၀၀နှင့် အခြားအလှူရှင်များက ငွေကျပ် သိန်း ၉၀ စုစုပေါင်း ငွေကျပ် သိန်း ၁၀၉၀ လှူဒါန်းကြောင်း သိရသည်။

### ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ခရိုင်လှုပ်ရှားမှု ထူးချွန်ဆုရ မန္တလေးခရိုင် ပတ်ဝန်းကျင်ကျန်းမာရေးလုပ်ငန်းထူးချွန်ဆုရ အမရပူရမြို့နယ်၊ သားဖွားဆောင်ထူးချွန်ဆုရ ချမ်းအေးသာစံမြို့နယ်၊ အန္တရာယ်ရှိကိုယ်ဝန်ဆောင်မိခင်ညွှန်းပို့ခြင်းလုပ်ငန်း ထူးချွန်ဆုရ ချမ်းမြသာစည်မြို့နယ်နှင့် အိတ်ချ်အိုင်ဗွီပိုးရှိသော မိခင်မှ သန္ဓေသားသို့ အိတ်ချ်အိုင်ဗွီပိုးကူးစက်ခြင်းမှတားဆီးကာကွယ်ခြင်း (PMCT) လုပ်ငန်းထူးချွန်ဆုရ မဟာအောင်မြေ မြို့နယ်တို့အား ဆုများချီးမြှင့်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

### လက်ခံရယူ

ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဝေဒနာရှင် အိမ်တိုင်ရာရောက် ပြုစုကုသစောင့်ရှောက်ခြင်း လုပ်ငန်းထူးချွန်ဆုရ ပြည်ကြီးတံခွန်မြို့နယ်၊ ဆယ်အိမ်စုမှူး သင်တန်းဖွင့်လှစ်နိုင်မှု ထူးချွန်ဆုရ အမရပူရမြို့နယ်၊ စည်းရုံးရေးလုပ်ငန်းထူးချွန်ဆုရ ချမ်းအေးသာစံမြို့နယ်၊ မွေးရာပါချို့ယွင်းချက်ရှိသူများအား ရှာဖွေခြင်းလုပ်ငန်း ထူးချွန်ဆုရ လယ်ဝေးမြို့နယ်နှင့် ကွင်းဆင်းဆောင်ရွက်မှု လုပ်ငန်း ထူးချွန်ဆုရ မိုးကုတ်မြို့နယ်တို့အား ဆုများချီးမြှင့်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ကျေးရွာအစာအာဟာရဘဏ်လုပ်ငန်းထူးချွန်ဆုရ ပြည်ကြီးတံခွန်မြို့နယ်၊ ပညာရေးလုပ်ငန်း ထူးချွန်ဆုရ အောင်မြေသာစံမြို့နယ်၊ လူမှုရေးလုပ်ငန်းထူးချွန်ဆုရ ချမ်းအေးသာစံမြို့နယ်၊ထူးခြားဖြစ်စဉ် ဆောင်ရွက်မှု လုပ်ငန်းထူးချွန်ဆုရ ကျောက်ဆည်မြို့နယ်နှင့် စာတမ်းဂုဏ်ပြုဆုရ ချယ်ရီမြေ မောင်တင်ထွန်း၊ ဒေါက်တာမိုးခိုင်၊ ဒေါက်တာမောင်တို့အား တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက ဆုများချီးမြှင့်ပေးအပ်သည်။

### ဂုဏ်ပြုညစာတည်ခင်း

ထို့နောက်အခမ်းအနားသို့ တက်ရောက်လာကြသူများအား ညစာဖြင့်တည်ခင်းဧည့်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညစာသုံးဆောင်ပြီးနောက် တိုင်းမှူးနှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

# အမေနှင့်သမီးများ ဆက်လက်အောင်ပွဲခံ နိုင်ငံခြား ဇာတ်ကားသစ် SHOOTER ရုံဝင်လာ

**ရုပ်ရှင် သတင်းထောက်**

ရန်ကုန် မေ ၂၅

**စာရေးဆရာ မောင်သိန်းဆိုင်၏ နောက်ဆုံးပုံရိပ်များနှင့်အတူ အမေနှင့် သမီးများ ဆက်လက်အားကောင်းနေဆဲဖြစ်သည်။ အမေနှင့်သမီးများတွင် ရန်အောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ မေသဉ္ဇာဦး၊ သီဂီထွန်း၊ သက်မွန်မြင့်၊ စန္ဒီမြင့်လွင်၊ ဇာဇာမင်းထက်နှင့် ဧည့်သည်သရုပ်ဆောင် ဥက္ကာမင်းမောင်တို့ ပါဝင်သရုပ်ဆောင်ထားပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ကြည့်ရှုကြရမည်ဖြစ်သည်။**

### အက်ရှင်ဇာတ်ကားသစ်

ရွှေဆောင်ရုံတွင် 300ဇာတ်ကား ဆက်လက်ပြသနေပြီး နေပြည်တော်ရုံတွင် Shooter ဇာတ်ကားသစ် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် Mark wahlberg, Michael Pena တို့ ပါဝင်ထားပြီး လက်ဖြောင့် သေနတ်သမားတစ်ဦး၏အကြောင်းကိုဇာတ်လမ်းဆင် ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားသစ် ဖြစ်သည်။

### အိန္ဒိယဇာတ်ကားများ

မြို့မရုပ်ရှင်ရုံတွင် AETBAAR အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် မင်းသားကြီး အမိတာ ဘဂျန်း ဦးဆောင်ပါဝင်ထားသည်။ ရွှေဂုန်ရုံအပေါ်ထပ်တွင် Young Gun ဇာတ်ကား ပြသနေပြီး မြေညီထပ်၌ Naag Mani အိန္ဒိယဇာတ်ကား ပြသလျက်ရှိသည်။

ဆုထူးပန်ရုံတွင် မင်းသားကြီး ရှရီးကာပူးရ်၊ အာရျေးဒွေဇ်ဂန်းနှင့်မင်းသမီးချော ကာဂျိုးလ်တို့ပါဝင်ထားသော Raju Chacha ဇာတ်ကားကြည့်ကြရမည်ဖြစ်သည်။ ဘုရင့်ရုံတွင် ရှိုသစ်ရိုရှန်း၊အဘိရှက်ဘဂျန်း၊ကရီနာကပူးရ်တို့ ခေါင်းဆောင် ပါဝင်ထားသော Main Pren Ki Diweeni Hoon ဇာတ်ကား ရုံဝင်လာသည်။

### တိမ်ခိုးငယ်ဝေ

**တိမ်ခိုးငယ်ဝေ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် လွင်မိုး၊ နန္ဒာလှိုင်နှင့် အေးဝတ်ရည်သောင်းတို့ ခေါင်းဆောင် ပါဝင်ထားသည်။ မောင်ငယ်ရင်သွေး၏ ဝတ္ထုဇာတ်လမ်းကို နီတာဦး ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ မောင်သီက ရိုက်ကူးပုံဖော်ထားသည်။ တောခလေ့ တောသဘာဝကို ဟာသနှောကာ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ။

အမေနှင့်သမီးများ ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

**(မြန်မာ့အလင်း)**

---

## ပြင်ဦးလွင်၌ အခြေခံယဉ်ကျေးမှု သင်တန်းဖွင့်

**အခြေခံ ယဉ်ကျေးမှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၁ရက်က ပြင်ဦးလွင်မြို့နယ် ပဒေသာကွက်သစ် ရပ်ကွက်ကြီး၁၀ ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမင်းလွင်က အဖွင့်အမှာစကားပြောကြားပြီး အခြေခံ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းသူ၊ သင်တန်းသားများ အတွက် လိုအပ်သည်များကို ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်မာမာလွင်က ပံ့ပိုးပေးကြောင်း သိရသည်။**

(၂၈၀)

---

**မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ**

## ဝိုင်းမော် ခတ်ချိုဈေး၌ စုပေါင်းသန့်ရှင်း

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့အားသန့်ရှင်းသာယာလှပမှုရှိစေရန် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၈ ရက်က ဒုတိယဦးစီးမှူး ဒေါ်တင်တင်ချို ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ ခတ်ချိုဈေးသန့်ရှင်းရေးလုပ်ငန်း စုပေါင်းဆောင်ရွက်နေခြင်းအား အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းနိုင်က အနီးကပ်ကြီးကြပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

---

## ရေနံ့သိုလှောင်ရုံ မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မြင်းမူမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီး၍ မြင်းမူမြို့ ရေနံ့သိုလှောင်ရုံ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဧပြီ ၂၉ရက် ညနေ ၄ နာရီခွဲက ရေနံ့သိုလှောင်ရုံဝင်း အပြင်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ရန်အောင်၊ မီးသတ်ဦးစီးမှူး ဦးသန်းဝင်း၊ ရေနံ့သိုလှောင်ရုံ ဌာနခွဲမန်နေဂျာ ဗိုလ်ကြီးကျော်ဇလ(ငြိမ်း)တို့က ကြီးကြပ်၍ ရေနံ့သိုလှောင်ရုံဝန်ထမ်း ၁၅ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၇ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့ပူးပေါင်းပြီး မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ကြသည်။**

(မြို့နယ်စည်ပင်)

---

## ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် လုံးပြင်ကျေးရွာအုပ်စု တောင်မဲသင်းရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၃ရက် နံနက် ၁၀နာရီ မိနစ် ၅၀က အဆိုပါကျောင်းဆောင်သစ်တွင်ကျင်းပရာ ကျောင်းဆောင်သစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်ဝင်း၊ လက်ထောက်ပြည်နယ်ပညာရေးမှူး (စစ်ဆေးရေး) ဒေါ်နန်းငွေငွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ရုံးမှ ဦးစီးအရာရှိ ဦးဇော်လွင်ဦး၊ နိပ္ပန်ဖောင်ဒေးရှင်း စေတနာအဖွဲ့မှ ကွင်းဆင်း တာဝန်ခံ မစ္စတာရာမာမူရာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိ အခန်းခြောက်ခန်းဖြင့်ဖွဲ့စည်းထားပြီး သွပ်မိုး၊ အုတ်စီ၊ တစ်ထပ် အဆောက်အအုံဖြစ်ကာ နိပ္ပန်ဖောင်ဒေးရှင်းစေတနာအဖွဲ့က လှူဒါန်းငွေကျပ် ၁၇၃၉၆၉၆၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၉၁၀၇၇၀၀ စုစုပေါင်းငွေကျပ် ၂၆၅၀၄၆၆၀ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

---

## ပူတာအိုမြို့၌ သက်ကြီးပူဇော်

**ပူတာအိုမြို့ မဟာအတာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီက ကြီးမှူး၍ အသက် (၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ရက် နံနက်ပိုင်းက ဖုန်ကန်ရာဇခန်းမ၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်စိုး၊ ခရိုင်ဥက္ကဋ္ဌ ဦးမြအေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဌေး၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာလာသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး အဘိုး၊ အဘွား ၅၀ အားလက်ဆောင်ပစ္စည်းများ ပေးအပ်ဂါရဝပြု ပူဇော်ကန်တော့ကြကြောင်း သိရသည်။**

(ခရိုင် ပြန်/ဆက်)

❐ **ကျောဖုံးမှ**

ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းတို့က ဖဲကြိုးဖြတ်၍ ထုံးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

**ဖွင့်လှစ်ပေး**

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ထုံးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့်ဝန်ကြီးများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ ဝန်ကြီးဒေါက်တာချမ်းငြိမ်း၊ ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့်အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

**လမ်းညွှန်မိန့်ကြား**

ယင်းနောက် အခမ်းအနား အစီအစဉ်များကို ကျောင်းဆောင်သစ်ခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အရည်အချင်းမြင့်မားသော မျိုးဆက်သစ် လူငယ် ကျောင်းသား ကျောင်းသူများ မွေးထုတ်နိုင်ရန်အတွက် ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေး၊ ခေတ်မီသင်ကြားမှု သင်ယူမှု သင်ထောက်ကူပစ္စည်းများအသုံးချနိုင်ရေး၊ ကမ္ဘာ့အဆင့်မီ သင်ရိုးညွှန်းများကို သင်ကြားနိုင်ရေး၊ အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများ မွေးထုတ်နိုင်ရေးတို့ကို လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်၍ ကျောင်းသားကျောင်းသူများ ပညာရည်မြင့်မားတိုးတက်ရေးအတွက် ဆရာ၊ဆရာမများကတီထွင်တတ်အောင်၊ တွေးခေါ်မြော်မြင်တတ်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း။

**ပိုမိုပေါ်ထွန်းလာ**

နိုင်ငံတော်၏ အနာဂတ်အတွက် အဓိက အင်အားတစ်ရပ် ဖြစ်သည့် ကျောင်းသား ကျောင်းသူများအား ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ သို့မှသာ အနာဂတ်တွင် ပညာရည်မြင့်မားသော မျိုးဆက်သစ်များ ပိုမိုပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

ယခု ဖွင့်လှစ်ပြီးသော ကျောင်းဆောင်သစ်ကိုလည်း ရေရှည်တည်တံ့ခိုင်မြဲအောင် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ဆရာဆရာမ၊ ကျောင်းသားကျောင်းသူများက ဝိုင်းဝန်းထိန်းသိမ်းကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာတွင် ပဲခူးတိုင်းအတွင်း၌ အခြေခံပညာအထက်တန်းကျောင်း ၁၁၀ ၊ အခြေခံပညာ အလယ်တန်းကျောင်း ၂၃၆ ကျောင်း၊ အခြေခံပညာမူလတန်း ၃၉၈၉ ကျောင်း၊ အထက်တန်းကျောင်း ခွဲ ၇၁ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၆၁ ကျောင်း၊ မူလတန်းကျောင်းခွဲ သုံးကျောင်းရှိကြောင်း၊ အခြေခံပညာကျောင်းများ၏ ဥပဓိရုပ်ကောင်းမွန်ရန် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ခံ့ညားထည်ဝါ**

ယခု ထုံးကြီးအခြေခံပညာအထက်တန်းကျောင်းခွဲသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့၏ ဦးဆောင်မှုဖြင့် စေတနာရှင်များ စုပေါင်းဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်များဖြစ်ကြောင်း၊ ပဲခူးတိုင်းအတွင်းရှိ ဆောက်လုပ်ပြီးစီးခဲ့သည့် ကျောင်းများထဲတွင် သပ်ရပ်ခံ့ညားထည်ဝါ ခိုင်ခံ့လှပမှုအရှိဆုံး ကျောင်းဆောင်များဖြစ်၍ လွန်စွာကျေနပ်လှပါကြောင်း။

၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ်ကျောင်းဖွင့်အမီ လွှဲပြောင်းပေးအပ်သည့်အတွက် ကျောင်းသားကျောင်းသူများ အေးချမ်းလုံခြုံသက်သာ ချောင်ချိစွာ ပညာသင်ယူခွင့် ရရှိကြမည်ဖြစ်၍ လွန်စွာနှစ်ထောင်းအားရ ဖြစ်ရပါကြောင်း။

အင်ဂျင်နီယာအဖွဲ့၏ ဆန်းသစ်သည့် Design နှင့် ခိုင်ခံ့မှု အရည်အသွေး၊ ဆောက်လုပ်သည့် နည်းစနစ်အဆင့်မီ ကောင်းမွန်သည့်အတွက် ရေရှည်ခိုင်ခံ့မည့် ကျောင်းတစ်ကျောင်းဖြစ်ကြောင်း။

ဤကျောင်းဆောင်ကိုဆောက်လုပ်လှူဒါန်းပေးသည့် ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်းတို့၏ ဦးဆောင်မှုဖြင့် စေတနာရှင်များ၏ထူးခြားသည့် စေတနာမေတ္တာတို့ကို ထုံးကြီး ရွာသူရွာသားများ၊ ပဲခူးတိုင်းသူ တိုင်းသားများက အစဉ်ထာဝရ တန်ဖိုးထားပြီး သတိတရအမှတ်တရရှိပြီး အမြဲကျေးဇူးတင်နေကြမည်ဖြစ်ကြောင်း။

**ကြိုးပမ်းအားထုတ်**

ပညာရေးဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်သည့်နေရာတွင် ပညာရေးစကားဖြင့် ပြောရလျှင် ကျောင်းသည် ကျောင်းနှင့်တူရမည်၊ ဆရာဆရာမသည် ဆရာဆရာမနှင့် တူရမည်၊ ကျောင်းသူ ကျောင်းသားသည် ကျောင်းသူ ကျောင်းသားနှင့် တူရမည်ဆိုသည် တူသုံးတူဖြင့် ကိုက်ညီရမည်ဖြစ်ကြောင်း။

ယခုဆိုလျှင် ကျောင်းက ကျောင်းနှင့်တူခဲ့ပြီးခံ့ညားထည်ဝါ ဆန်းသစ်ခဲ့ပြီဖြစ်ကြောင်း၊ ဆရာ ဆရာမများကလည်း ဘက်စုံပညာ ဖွံ့ဖြိုးသည့် ကျောင်းသား ကျောင်းသူ တပည့်များ၊ နိုင်ငံ၏ အနာဂတ်ကို တာဝန်ယူဖန်တီးကြမည့် ဉာဏ်ရည်ထက်မြက်ပြီး မျိုးချစ်စိတ်ဓာတ် ပြည်ထောင်စုစိတ်ဓာတ် ထက်မြက်ပြည့်စုံသည့် လူငယ်များ မွေးထုတ်ကြရန် ခံယူချက်ဖြင့် တာဝန်ထမ်းဆောင်ကြခြင်းအားဖြင့် ဆရာ ဆရာမနှင့် တူအောင် ကြိုးပမ်းကြရန်လိုကြောင်း၊ ကျောင်းသားကျောင်းသူများကလည်း ဉာဏ်ရည်ထက်မြက် ထူးချွန်ရန် နိုင်ငံတော်အတွက် အားထားရမည့် နိုင်ငံ့တာဝန်ကို တာဝန်ကျေပွန်စွာ ပခုံးပြောင်း တာဝန်ယူ ထမ်းဆောင်နိုင်မည့် စိတ်ဓာတ်ကောင်းသည့်၊ စည်းကမ်းပြည့်ဝသော၊ မျိုးချစ်စိတ်ဓာတ် ထက်သန်ရင့်ကျက်သည့် ကျောင်းသား ကျောင်းသူနှင့်တူအောင် ကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားထားသည့်အတိုင်း-

- **ဆရာ ဆရာမများ သင်ကြားမှုအရည်အသွေးပြည့်ဝအောင် ဆောင်ရွက်ကြပါ၊**
- **သင်ကြားမှု သင်ယူမှု အထောက်အကူ ပစ္စည်းများကို ထိရောက်စွာ အသုံးပြု သင်ကြားပေးကြပါ၊**
- **ဥပဒေ/စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရေး အလေးထားဆောင်ရွက်ကြပါ၊**
- **မျိုးချစ်စိတ်ဓာတ် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေးများကို လေ့ကျင့် ပြုစုပျိုးထောင်သင်ကြားဆောင်ရွက်ကြပါ၊**
- **ပညာရေးလုပ်ငန်းများ လုပ်ဆောင်နေခြင်းသည် ပညာရေးအတွက်သက်သက် (Education for the Education 's Sake )မဟုတ်ဘဲ ပညာရေးလုပ်ငန်းများ လုပ်ဆောင်နေခြင်းသည် နိုင်ငံတော်အတွက် (Education for the Nation-Education for the State) ဖြစ်သည်ဟု ခံယူကြိုးပမ်းဆောင်ရွက်ကြပါ**

ဟု မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက်ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကား ပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှု၊ မြန်မာနိုင်ငံပညာရေးကော်မတီ၏ ဦးဆောင်မှုများတို့ဖြင့် အမျိုးသားပညာရည်မြင့်မားရေးကို နှစ်တိုနှစ်ရှည်စီမံကိန်းများ ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း။

အခြေခံပညာကဏ္ဍတွင် နိုင်ငံသားတိုင်း အခြေခံပညာကို သင်ယူခွင့်ရရှိရန်အတွက် အခြေခံပညာကျောင်းပေါင်း ၄၀၅၄၈ကျောင်းကို ယခုအခါ ဖွင့်လှစ်ထားရှိခဲ့ပြီး ဆရာမဆရာမပေါင်း၂ဒသမ၅သိန်းကျော်က ကျောင်းသားကျောင်းသူ ၇ ဒသမ ၈၃ သန်းကျော်အား အခြေခံပညာများ သင်ကြားပေးလျက်ရှိကြောင်း။

**တိုးချဲ့ခန့်ထား**

၁၉၈၈ ခုနှစ်နှင့် နှိုင်းစာလျှင် အခြေခံကျောင်းအရေအတွက် ၃၃၇၄၇ ကျောင်းမှ ယခု ၄၀၅၄၈ကျောင်းသို့ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ဆရာ၊ဆရာမဦးရေကိုလည်း ၁ဒသမ၇၃သိန်းကျော်မှ ၂ဒသမ၅သိန်းကျော်အထိ တိုးချဲ့ခန့်ထားနိုင်ခဲ့ကြောင်း၊ ထိုနည်းတူစွာ အခြေခံကျောင်းများ တိုးချဲ့ဖွင့်လှစ်ခဲ့၍ အခြေခံကျောင်းသားဦးရေသည် ၅ဒသမ ၂၃သန်းကျော်မှ ၇ဒသမ၈၃ သန်းကျော်အထိ တိုးတက်ခဲ့ကြောင်း။

ယခုကဲ့သို့ အခြေခံကျောင်းများ တိုးချဲ့ ဖွင့်လှစ်ပေးခဲ့ပြီး ခေတ်မီ သင်ထောက်ကူပစ္စည်းများဖြင့် အသုံးပြု သင်ကြား ပို့ချပေးနေသကဲ့သို့ ကျောင်းနေအရွယ် ကလေးများ ကျောင်းနေရေးအတွက် နှစ်စဉ်မေလ နောက်ဆုံးပတ်ကို ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ပြီး၊ တာဝန်ရှိသူများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ပညာရေးစေတနာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံမိဘပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျောင်းနေအရွယ်ကလေးများ၊ ကျောင်းနေနှုန်းသည် တစ်ပြည်လုံးအတိုင်းအတာဖြင့် ၉၇ဒသမ ၈၄ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ကြောင်း။

ပဲခူးတိုင်းအနေဖြင့် ကြည့်လျှင် ပဲခူးတိုင်းအရှေ့၌ သူငယ်တန်းကျောင်းဝင်ရောက်မှုနှုန်းသည် ၉၈ဒသမ၉၀ ရာခိုင်နှုန်းရှိသကဲ့သို့ ပဲခူးတိုင်းအနောက်၌လည်း သူငယ်တန်းကျောင်းဝင်နှုန်း ၉၇ဒသမ၈၈ရာခိုင်နှုန်းအထိ မြင့်မားစွာ ရှိခဲ့ကြောင်း။

**မြင့်တက်လျက်ရှိ**

စာတတ်မြောက်မှုနှုန်းကိုကြည့်လျှင် တစ်ပြည်လုံးတွင် ၉၄ဒသမ ၃၅ရာခိုင်နှုန်းအထိ မြင့်တက်လျက်ရှိပြီး ပဲခူးတိုင်းအနေဖြင့် တစ်ပြည်လုံး ပျမ်းမျှထက်ကျော်လွန်ကာ ပဲခူးတိုင်းအရှေ့၌ စာတတ်မြောက်မှုသည် ၉၆ဒသမ ၄၆ ရာခိုင်နှုန်း၊ ပဲခူးတိုင်းအနောက်၌ စာတတ်မြောက်မှု ၉၉ ဒသမ ၅၉ ရာခိုင်နှုန်းအထိ မြင့်မားတိုးတက်လာသည်ကို တွေ့ရကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ဝန်ကြီးဒေါက်တာချမ်းငြိမ်းထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ပညာရေးငွေပဒေသာပင်အတွက်အလှူငွေကျပ်သိန်းတစ်ရာကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

ယင်းနောက်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ငွေကျပ်၂၅သိန်းတန်ဖိုးရှိ စာသင်ခုံအစုံ ၁၂၀ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့ဖွင့်လှစ်သည့် ပဲခူးတိုင်း ပဲခူးမြို့နယ် ထုံးကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၏ ပင်မကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀၊ အနံ ၂၁၆ ပေ ရှိပြီး တစ်ထပ်ဆောင်မှာ အလျားပေ ၁၃၀၊ အနံပေ ၃၀ဖြစ်သည်။ တစ်ခန်းလျှင် ကျောင်းသား ကျောင်းသူ ၆၀ ပညာသင်ကြားနိုင်သည့် စာသင်ခန်းစုစုပေါင်း ၁၈ခန်း၊ ဆရာ ဆရာမများ နားနေခန်း နှစ်ခန်း၊ ကျောင်းအုပ် ကြီးရုံးခန်းတစ်ခန်းနှင့် ကျောင်းခန်းမနှစ်ခန်းတို့ ပါရှိသည်။

ယခုထုံးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်လှစ်နိုင်သဖြင့် ဒေသခံကျောင်းသား ကျောင်းသူများ ပညာရည်ပိုမိုမြင့်မား တိုးတက်လာမည်ဖြစ်သည်။ **(သတင်းစဉ်)**

# လူသစ်တန်းနှင့်သက်ငယ်တန်း ဂျူဒိုပြိုင်ပွဲဖွင့်လှစ်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၇ခုနှစ် လူသစ်တန်းနှင့်သက်ငယ်တန်းဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ပွဲဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် နာယကများ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးအေးကြည်နှင့် ဦးညိုမြင့်၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဂျူဒိုအားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ဂျူဒိုအားကစားမောင်မယ်များက သတ်မှတ်နေရာတွင် နေရာယူကြပြီး မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်**(အောက်ပုံ)**က အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။ ဆက်လက်၍ ပြိုင်ပွဲဝင် အားကစားမောင်မယ်များက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။ ထို့နောက် ဖွင့်ပွဲနေ့ ပွဲစဉ်များကို စတင်ကျင်းပရာ အမျိုးသား၊ အမျိုးသမီးပွဲစဉ် စုစုပေါင်း ၄၇ပွဲ ကျင်းပပြီးစီးသည်။ ပြိုင်ပွဲကို မေ ၂၈ရက်အထိ ယင်းအားကစားပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# နှင်းဆီကုန်းဘိုးဘွားရိပ်သာ စေတနာရှင်အကျိုးဆောင်များအားဂုဏ်ပြုမည်

**ရန်ကုန် မေ ၂၅**

နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများ၏ ဘဝအေးချမ်းသာယာရေးကို ရည်ရွယ်၍ စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် လစဉ်အလှူငွေများကို နှစ်ရှည်လများ ကောက်ခံလှူဒါန်းပေးကြသော စေတနာရှင်အကျိုးဆောင်များအား အဋ္ဌမအကြိမ်မြောက် ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၃ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေကောက်ခံပေးကြသော အကျိုးဆောင် စေတနာရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အဆိုပါအခမ်းအနားသို့ တက်ရောက်ကြရန် အမှုဆောင်ကော်မတီက နှိုးဆော်ထားသည်။ **(က-ပ)**

## မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

# စီချွမ်ပြည်နယ်၌ မိုးသည်းထန်ပြီး ရေကြီး အနည်းဆုံး ၂၁ ဦး သေဆုံး

စီချွမ် မေ ၂၅

**တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် မိုးများသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုများနှင့် မြေပြိုကျမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး၂၁ ဦး သေဆုံးသွားကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်ကို မေ ၂၅ အင်တာနက်သတင်း၌ ဖော်ပြသည်။**

**လွန်ခဲ့သောနှစ်ရက်က စီချွမ်ပြည်နယ်၌ ကြောက်မက်ဖွယ်ကောင်းသော ရာသီဥတုဆိုးရွားမှုဖြစ်ခဲ့ပြီးနောက် အခြား၁၁ဦး ပျောက်ဆုံးနေသည်ဟုဆိုသည်။**

ပြောင်းရွှေ့ခဲ့

**သဘာဝဘေးအန္တရာယ်ကြောင့် လူ ၁၁၂၀၀၀ မှာ ယင်းတို့၏နေအိမ်များမှ ထွက်ခွာပြောင်းရွှေ့ခဲ့ရသည်ဟု ဆိုသည်။**

**ဂမ်ဆုပြည်နယ်မြောက်ပိုင်း၌ လူပေါင်း ၁ဒသမ ၆သန်းမှာ ယင်းဘေးအန္တရာယ်ကြောင့် သောက်သုံးရေပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။**

**တရုတ်နိုင်ငံ မိုးခေါင်ရေရှားရပ်ဝန်းဒေသ၌ လွန်ခဲ့သောနှစ်က မိုးလုံးဝမရွာခဲ့ဟုဆိုသည်။**

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင် ၂၀၀၇–၂၀၀၈ခု ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားတွင် နေပြည်တော်ဒေသ မြို့နယ်များရှိ အခြေခံပညာကျောင်းများအတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။** (သတင်းစဉ်)

# ဓာတ်မြေသြဇာစက်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရေး ပြုလုပ်ပေးလျက်ရှိ ဝန်ထမ်းများက ဓာတ်မြေသြဇာတိုးထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၂၅

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် မေ၂၁ရက် နံနက်ပိုင်းက မကွေးတိုင်း ကျွန်းချောင်းမြို့ရှိ အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)သို့ ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး ဦးဌေးအောင်က စက်ရုံပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် လျှပ်စစ်ဓာတ်အားအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီး** (အောက်ပုံ)**က ဓာတ်မြေသြဇာစက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်မှ နိုင်ငံခြားငွေအကုန်အကျခံပြီး ယခုလိုအကြီးစားပြင်ဆင်မွမ်းမံမှုများကို ပြုလုပ်ပေးနေခြင်းဖြစ်၍ စက်ရုံဝန်ထမ်းများအနေဖြင့် ဓာတ်မြေသြဇာတိုးတက်ထုတ်လုပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုမှာကြားပြီး ဓာတ်မြေသြဇာအထွက်တိုးရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များချမှတ်ပေးသည်။**

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများ၊ ဓာတ်မြေသြဇာစက်ရုံမှူးများနှင့်အတူ ကျွန်းချောင်းမြို့ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ဝန်ကြီးအား စက်ရုံအစည်းအဝေးခန်းမ၌ ဓာတ်မြေသြဇာစက်ရုံမှူးများနှင့် တာဝန်ရှိသူများက မိမိတို့စက်ရုံများအလိုက် လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေပေါ်မူတည်ပြီး စက်ရုံအား ပြန်လည်ပြင်ဆင်လည်ပတ်ရမည့် အခြေအနေကိုလည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဓာတ်ငွေ့နှင့် ရေနွေးငွေ့စက်များ အင်ဂျင်နီယာချုပ် ဦးသန်းလွင်နှင့် ကျွန်းချောင်း သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံမှူး ဦးအောင်ဝင်းတို့က ဓာတ်မြေသြဇာစက်ရုံများသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်မှုအခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဓာတ်မြေသြဇာစက်ရုံများ လျာထားချက်အတိုင်း တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားပုံမှန်ရရှိရေးလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဝန်ကြီးသည် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

အဖွဲ့ဝင်များ၊ ပညာရေးစေတနာရှင်များနှင့် မိဘပြည်သူများ ပူးပေါင်းပါဝင်လျက် ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ထားကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ကလေးများအတွက် ကျောင်းသုံးစာအုပ်အစုံ ၅၉၀၀ အုပ် လှူဒါန်းမည်ဖြစ်ကြောင်း၊ ထို့အပြင် အလှူရှင်များနှင့် စေတနာရှင်များ ထပ်မံပေါ်ပေါက်ပါက လှူဒါန်းမည့်ငွေကြေးနှင့် ပစ္စည်းများကို ကျောင်းနေမည့်သူများထံ အမြန်ဆုံးပေးပို့ပြီး ၂၀၀၇ခုနှစ် ဇွန်၁ရက်မှ စတင်ကာ အေးချမ်းတည်ငြိမ်စွာ သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ပညာရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က နေပြည်တော်ဒေသ မြို့နယ်များရှိ အခြေခံပညာကျောင်းများအတွက် ထောက်ပံ့ငွေကျပ် ၂၄သိန်းကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်သည်။

**ပေးအပ်**

ဆက်လက်၍ တိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် တာဝန်ရှိသူများက နေပြည်တော်ဒေသ မြို့နယ်များရှိ အခြေခံပညာကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသားကျောင်းသူများထံ ပေးအပ်ကြပြီး ခေတ်သစ် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမှ ဦးကြည်စိုးက အလှူငွေကျပ် ငါးသိန်းကို ပျဉ်းမနားမြို့နယ် ပညာရေးမှူးထံ ပေးအပ်သည်။

**သီဆိုဖျော်ဖြေ**

ထို့နောက် နေပြည်တော် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ရင်းရင်းနှီးနှီး**

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအပ်နှံသည့်နေရာများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းလာရောက်အပ်နှံကြသည့် ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

၂၀၀၇– ၂၀၀၈ခု ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို နေပြည်တော်၌ ပထမဆုံးအကြိမ် စတင်ကျင်းပခြင်းဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်များတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် မူလတန်း ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ခုနစ်ရက် တရားစခန်း

**ရန်ကုန် မေ ၂၅**

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် သြဝါဒါစရိယဆရာတော်ကြီးများ၏ သြဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇/က ပြည်လမ်း လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၀၈)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို မေ ၃၀ရက်(နယုန်လဆန်း ၁၅ရက်)မှ ဇွန် ၇ရက်(နယုန်လဆုတ် ၈ရက်)အထိကျင်းပမည်ဖြစ်သည်။တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၅၃၄၃၂၉သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။**(က–ပ)**

# တင်ဒါရောင်းချမည့်လပ်ပုံများအဆင့် အတန်းအစားခွဲခြားသတ်မှတ်မှု သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၅

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၂၃ရက်က ရန်ကုန်မြို့ အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ ကန်(၃)သစ်ဆိပ်နှင့် ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်တို့သို့ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများအဆင့် အတန်းအစားခွဲခြားသတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။**

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ မွန်းလွဲပိုင်းက ဒဂုံအရှေ့ စက်မှုဇုန်ရှိ (National Wood Industry)လီမိတက်၏ သစ်အချောထည်စက်ရုံသို့ရောက်ရှိရာ စက်ရုံ ရှင်းလင်းဆောင်၌ စက်ရုံ၏မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်းက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ ဦးကြည်စိန်နှင့် ဦးစိန်လွင်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးဝင်းထွန်းနှင့် အထွေထွေမန်နေဂျာများ ဖြစ်ကြသည့် ဦးအေးကျော်၊ ဦးထူးအောင် တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်မှု အဆင့်ဆင့်နှင့် သစ်အချောထည်များ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

**ရှင်းလင်းတင်ပြ**

အဆိုပါစက်ရုံသည် တန်ဖိုးမြင့်ကျွန်းသစ်ခွဲသားမျိုးစုံကို စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဂျပန်၊ ဒိန်းမတ်၊ အင်္ဂလန်နှင့် အီတလီနိုင်ငံများသို့ တင်ပို့ ရောင်းချလျက်ရှိသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံဆိပ်ကမ်းစက်မှုဇုန် အပိုင်း(၁)ရှိ Cupid Trading ကုမ္ပဏီလီမိတက်၏ သစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ စက်ရုံ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဆွေဆွေအုန်းနှင့် မန်နေဂျာ ဦးပညာကျော်တို့က စက်ရုံ၏လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ စက်ရုံအတွင်း ပရိဘောဂအချောထည်များ၊ သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်နှင့် ပရိဘောဂပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**တင်ပို့ရောင်းချ**

အဆိုပါစက်ရုံမှ ကျွန်းနှင့် ယမနေ၊ တန်ဖိုးမြင့် သစ်ခွဲသားများ၊ ပရိဘောဂများကို မလေးရှား၊ စင်ကာပူနှင့် ပြင်သစ်နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရသူကြေညာ

**ရန်ကုန် မေ ၂၅**

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်၏ ၂၀၀၇ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲ၌ ဦးအေးမြင့်(ပထဝီဝင်)က ပထမ၊ မြဖူးငုံ(ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)က ဒုတိယ၊ ကိုသက်ဦး (မြဝတီရုပ်/သံ)က တတိယနှင့် အထူးဆုရရှိသူမှာ မစိမ်းစိမ်း(Green)တို့ ဖြစ်ကြသည်။ အလွတ်တန်း စာစီစာကုံးပြိုင်ပွဲ၌ မအေးမြင့်မြတ်စိုးက ပထမ၊ မစန္ဒာမွန်က ဒုတိယ၊ ဦးထွန်းသိန်းက တတိယနှင့် အထူးဆုရရှိသူမှာ မစုထိုက်မွန်တို့ ဖြစ်ကြသည်။

ဆုများကို ဇွန် ၅ရက်တွင် နေပြည်တော်၌ ကျင်းပမည့် ၂၀၀၇ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်၍ ဆုရရှိသူများသည် နေပြည်တော်သို့ ဇွန်၃ရက်တွင် ရောက်ရှိကြရမည်ဖြစ်ပြီး ဇွန် ၄ရက်တွင် ဆုချီးမြှင့်ခြင်း အစမ်းလေ့ကျင့်မှုပြုလုပ်မည်ဖြစ်သည်။

သို့ဖြစ်၍ ဆုရရှိသူများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး(သစ်တောဦးစီးဌာနရုံးချုပ်ဝင်း)၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၆၄၄၄၉၆၊ ၆၄၄၇၅၁ နှင့် ၆၄၄၇၅၂၊ နေပြည်တော် ဖုန်း–၀၆၇–၄၀၅၃၈၃နှင့် ၀၆၇–၄၀၅၀၁၂တို့သို့ မေ ၃၀ရက် နောက်ဆုံးထား၍ သတင်းပို့ဆက်သွယ်ကြရန် အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နိုင်ငံတကာအဆင့်မီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသစ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

## တက်ရောက်

အဆိုပါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany နှင့် သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများနှင့် ပြည်တွင်းလေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းထောက်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရန်ကုန်အရှေ့ပိုင်းနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ဖတ်ကြားတင်ပြ

လေဆိပ်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒေါ်သီတာဆွေက ဆောင်ရွက်ပြီး ရှေးဦးစွာ အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြကြေညာသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်လာကြသည့် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအားလုံး "မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေ" ဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါကြောင်း။

မြန်မာနိုင်ငံ၏ ကျက်သရေဆောင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီး၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးနှင့် ဆီလျော်ထိုက်တန်သည့် နိုင်ငံတကာအဆင့်မီ လေဆိပ်အဆောက်အအုံသစ်ကြီး ယနေ့ပေါ်ထွန်းလာခြင်းသည် မြန်မာ့လေကြောင်းပို့ဆောင်ရေးကဏ္ဍအတွက် ထူးခြားလေးနက်သည့် တိုးတက်ဖြစ်ထွန်းမှုတစ်ခုပင်ဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

ယနေ့ပေါ်ထွန်းလာသည့် ခေတ်မီ လေဆိပ်အဆောက်အအုံသစ်ကြီးနှင့် ယှဉ်တွဲပါဝင်လာသော နိုင်ငံတကာအဆင့်မီ လေကြောင်းပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းအရပ်ရပ်သည် မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့်တကွ မြန်မာနိုင်ငံတော်သို့ လာရောက်ကြသည့် နိုင်ငံတကာက မိတ်ဆွေများ၊ ခရီးသွားများအတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများ လူနေမှုဘဝအဆင့်အတန်း တင့်တင့်တယ်တယ် မြင့်မြင့်မားမားနေထိုင်နိုင်စေရအောင် ဆိုသည့် မွန်မြတ်သော ရည်မှန်းချက်ထားရှိပြီး နိုင်ငံတော်ကြီး နယ်ပယ်ကဏ္ဍစုံက ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးနှင့် အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာတောင့်တင်းစေရေးအတွက် စနစ်တကျ စီမံကိန်းများ ချမှတ်ပြီး အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

## အကျိုးရလဒ်ကောင်းများ

**ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်ကြီးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကပံ့ပိုးထောက်ကူပေးရမည့် ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စနစ်တကျ စီမံကိန်းများ ချမှတ်ဆောင်ရွက်နေကြောင်း၊ ပို့ဆောင်ရေးကဏ္ဍသည် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားကဏ္ဍတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုရာတွင် အရေးပါသည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်လည်းဖြစ်ကြောင်း၊ ပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့သည်နှင့်အမျှ ကုန်စည်စီးဆင်းမှု၊ ကူးသန်းသွားလာမှုနှင့် ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်း ကဏ္ဍအသီးသီး သွက်လက်မှန်ကန်မြန်ဆန်လာမှာဖြစ်ပြီး အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းမှုနှင့် ပြည်သူများ၏လူမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားမှု အကျိုးရလဒ်ကောင်းများလည်း တစ်ပါးတည်းဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများတွင် ပို့ဆောင်ရေးကဏ္ဍအနေဖြင့် အခြားသော စီးပွားရေးကဏ္ဍအသီးသီးကို ထိရောက်သည့်ဝန်ဆောင်မှုများပေးနိုင်စေရန်ဆိုသည့် ရည်မှန်းချက်နှင့်အညီ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။**

## တိုးတက်ဖြစ်ထွန်း

ဤကဲ့သို့ စနစ်တကျဖြင့် စီမံကိန်းများချမှတ်ပြီး အမျိုးသားအဆင့်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်၏ ပို့ဆောင်ရေးကဏ္ဍသည် ထူးထူးခြားခြား တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း၊ ပြည်တွင်း ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ၌ မြစ်ကူးချောင်းကူးတံတားကြီးများနှင့် ယှက်နွယ်တည်ဆောက်ထားသည့် ပြည်ထောင်စုလမ်းမကြီးများ၊ ရထားဥမင်များ၊ မြစ်ကူးချောင်းကူးရထားတံတားများနှင့် ဆက်သွယ်ထားသည့် ရထားလမ်းကွန်ရက်သစ်များ ပေါ်ထွန်းလာခဲ့ပြီဖြစ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၌လည်း အဆင့်မြင့် ပင်လယ်ကူးသင်္ဘောဆိပ်ခံတံတားသစ်ကြီးများ၊ နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုပေးနိုင်သည့် ခေတ်မီပစ္စည်းကိရိယာများ၊ ခေတ်မီကုန်သေတ္တာစခန်းများပါဝင်သော အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

လေကြောင်းပို့ဆောင်ရေးကဏ္ဍ၌လည်း ခေတ်နှင့်အညီ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်းမှာရော၊ နိုင်ငံတကာပို့ဆောင်ရေး ကဏ္ဍမှာပါ အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် တင့်တင့်တယ်တယ် ရပ်တည်လာနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်နှင့်အညီ ယခုဆိုလျှင် ယနေ့ဖွင့်လှစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသစ်ကြီးအပါအဝင် အောင်မြင်တိုးတက်မှု အကျိုးရလဒ်ကောင်းများ ရရှိဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် ၁၉၈၈ခုနှစ် မတိုင်မီက နိုင်ငံတကာလေယာဉ်ကြီးများ ပျံသန်းဆင်းသက်နိုင်သည့် လေယာဉ်ကွင်းအနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ကွင်းသာ ရှိခဲ့သော်လည်း ယခုအချိန်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အပါအဝင် ဘိုးရင်း ၇၄၇ လေယာဉ်များ ပျံသန်းဆင်းသက်နိုင်သည့် လေယာဉ်ကွင်း ခုနစ်ကွင်းနှင့် ဘိုးရင်း ၇၃၇ လေယာဉ်များ ပျံသန်းဆင်းသက်နိုင်သည် လေယာဉ်ကွင်း ၁၃ ကွင်းအထိ တိုးပွားတည်ရှိလာခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းစေရန် အားပေးဆောင်ရွက်သည့်အလျောက် တိုင်းရင်းသားပိုင် ပုဂ္ဂလိက

လေကြောင်းလိုင်းများအပါအဝင် အဆင့်မြင့် ပြည်တွင်းလေကြောင်းလိုင်းများ တိုးပွားဖြစ်ထွန်းနေပြီဖြစ်သည့်အပြင် တိုင်းရင်းသားပိုင် ပုဂ္ဂလိကလေကြောင်းလိုင်းများအနေဖြင့် နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးအဆင့်ကိုပါ တက်လှမ်းလာနိုင်သည့်အခြေအနေ ရောက်ရှိနေပြီလည်းဖြစ်ကြောင်း။

## ဖြန့်ကြက်ဆောင်ရွက်

အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတကာနှင့် စီးပွားရေး၊ လူမှုရေး၊ သံတမန်ရေးဆက်သွယ်ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်လာသည်နှင့်အမျှ အပြည်ပြည်ဆိုင်ရာ လေကြောင်းဆက်သွယ် ပွားများလာမှုများ များပြားလာခဲ့သလို အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ နိုင်ငံတကာခရီးသည် ဝင်ထွက်မှုများလည်း ပိုမိုများပြားလာခဲ့သည့်အတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်များကို နိုင်ငံတကာအဆင့်မီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရအောင် နယ်ပယ်ကဏ္ဍစုံမှ ဖြန့်ကြက်ပြီး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့၌ နိုင်ငံတကာအဆင့်မီလေယာဉ်ကြီးများ ဆင်းသက်နိုင်သည့် လေယာဉ်ပြေးလမ်းများ၊ လေယာဉ်ရပ်နားကွင်းများ အဆင့်မြှင့်တင်ပေးမှုများ၊ လေကြောင်းပို့ဆောင်ရေး၊ လေကြောင်းထိန်းသိမ်းရေးဆိုင်ရာ အထောက်အကူပြု ခေတ်မီပစ္စည်းကိရိယာများ အဆင့်မြှင့်တင် ဖြည့်ဆည်းပေးမှုများ ဆောင်ရွက်ပေးနေသကဲ့သို့ လေဆိပ်အဆောက်အအုံပိုင်း၌လည်း ခေတ်မီအပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးများ၏အဆင့်အတန်းနှင့်အညီ ခရီးသည် အတက်အဆင်းတံတားများ (Passengerboarding Bridge)၊ လုံခြုံရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ ခေတ်မီ အီလက်ထရွန်နစ်ပစ္စည်းကိရိယာများ၊ ဝန်စည်သယ်ဆောင်ရေးစနစ်များ ပြည့်ပြည့်စုံစုံ ဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

## စီးပွားရေးမြို့တော်ဖြစ်

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးသည် ၁၉၅၇ ခုနှစ်ကပင် စတင်တည်ဆောက်ခဲ့သော်လည်း အချိန်အခါနှင့်အညီ ခေတ်အဆက်ဆက်တွင် အဆင့်မြှင့် တိုးချဲ့တည်ဆောက်အသုံးပြုလာခဲ့ခြင်းကြောင့် မြန်မာနိုင်ငံတော်နှင့်တကွ နိုင်ငံ၏စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ကြီးအတွက် တန်ဖိုးကြီးမားသည့် အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးအဖြစ် ယနေ့တိုင် ရပ်တည်နေနိုင်ဆဲပင်ဖြစ်ကြောင်း။

**ယခု နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းထားသည့် အေးရှားဝေါလ်ကုမ္ပဏီတို့ ပူးပေါင်းပြီး အောင်အောင်မြင်မြင် ကြိုးပမ်းတည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီး၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ**

နိုင်ငံတကာအဆင့်မီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသစ်ကို တွေ့ရစဉ်။ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

# ပို့ဆောင်ရေးကဏ္ဍသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြု ကုန်စည်စီးဆင်းမှုနှင့် ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ သွက်လက်မြန်ဆန်လာမည်

**တစ်နိုင်ငံ၏ အဆင့်အတန်းနှင့် ဆီလျော်ထိုက်တန်သည့် နိုင်ငံတကာအဆင့်မီ လေဆိပ်အဆောက်အအုံသစ်ကြီး ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။**

## ပိုမိုတိုးတက်ကျော်ကြား

**ယနေ့ပေါ်ထွန်းလာပြီဖြစ်သည့် နိုင်ငံတကာအဆင့်မီ လေဆိပ်အဆောက်အအုံသစ်ကြီး၏ အကျိုးကျေးဇူးကြောင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဝင်ထွက်သွားလာနေကြပြီး တစ်နေ့တခြား တိုးတက်များပြားလာနေသည့် ပြည်တွင်း ပြည်ပခရီးသည်များအတွက် အခြားသော နိုင်ငံတကာလေဆိပ်များနည်းတူ အဆင့်မြင့်ဝန်ဆောင်မှုများ တိုးတက်ဖြည့်ဆည်းပေးနိုင်တော့မှာဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ နိုင်ငံတကာ ဆက်ဆံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဆက်သွယ်ဆက်ဆံရေးများ ပိုမိုတိုးတက် ဖြစ်ထွန်းလာမှုနှင့်အတူ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အဆင့်အတန်း မြင့်မားသော ယဉ်ကျေးမှုဓလေ့စရိုက်များ၊ တည်ငြိမ်အေးချမ်းပြီး သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများ၊ မြန်မာလူမျိုးတို့၏ ယဉ်ကျေးပျူငှာ မိတ်ဝတ်ကျေပွန်မှု အစဉ်အလာကောင်း၊ ဓလေ့စရိုက်ကောင်းများသည်လည်း နိုင်ငံတကာသို့ ပိုမို တိုးတက်ကျော်ကြားလာမှာ အမှန်ပင်ဖြစ်ကြောင်း။**

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ဤကဲ့သို့ အဘက်ဘက်က အကျိုးကျေးဇူးပွားများစေသည့်အပြင် နိုင်ငံတော်၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းသာယာမှု ဂုဏ်ဒြပ်ကောင်းများကို ထင်ဟပ်ဖော်ပြနေသည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံသစ်ကြီး အရှည်တည်တံ့ခိုင်မြဲစေရန်နှင့် နိုင်ငံတကာအပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် တင့်တင့်တယ်တယ် ရင်ပေါင်တန်း ရပ်တည်နိုင်စေရန် ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြပါဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ရှင်းလင်းတင်ပြရာ၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးကို ယနေ့ကစပြီး ခေတ်မီလေဆိပ်သစ်ကြီးတစ်ခုအဖြစ် စတင်အသုံးပြုနိုင်ပြီဖြစ်၍ မြန်မာနိုင်ငံ၏ လေကြောင်းကဏ္ဍ၌ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာဖြစ်သကဲ့သို့ ပြည်တွင်းပြည်ပ များ၊ လေကြောင်းပို့ဆောင်ရေး မူဝါဒပိုင်းဆိုင်ရာ ဖြေလျော့မှုများ၊ အထူးသဖြင့် မြန်မာ့လေကြောင်း၏ လုပ်ငန်းများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်လာနိုင်ခြင်းများကြောင့် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုအနေဖြင့် ၁၉၈၀ ပြည့်နှစ်များအထိ ဤလေယာဉ်ကွင်းကြီး၌ ခရီးသည်ဦးရေ ၂၅၀၀၀ ကျော်ရှိခဲ့ရာမှ ယခုအခါ နိုင်ငံခြားသားခရီးသည်များ ၈၀၀၀၀၀ နှင့် ပြည်တွင်းခရီးသွားသူဦးရေ ၁ ဒသမ ၂ သန်းအထိ တိုးမြှင့်နေသည့်အနေအထားသို့ ရောက်လာနိုင်ခဲ့ကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အနေဖြင့် တိုးတက်များပြားလာသည့် ခရီးသည်များကို ဝန်ဆောင်မှုပေးနိုင်ရန် အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အလျား ပေ ၃၄၀၊ အနံ ၁၄၀ ပေရှိ သံကူကွန်ကရစ်နှစ်ထပ် ပြည်ပလေဆိပ်အဆောက်အအုံသစ်ကို တည်ဆောက်စေခဲ့ပြီး ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် စတင်အသုံးပြုနိုင်ခဲ့ကြောင်း။

၁၉၉၈ ခုနှစ်နောက်ပိုင်းတွင် လေကြောင်းလိုင်းများအလိုက် ခရီးသည်နှင့် လေယာဉ်အခေါက်ရေများ ဆက်လက် တိုးမြှင့်လာခဲ့သည့်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယခုအခါ ခရီးသည် ၂၅၀ ဆံ့ Airbus A 300-600၊ ခရီးသည် ၂၆၆ ဦးဆံ့ Airbus A 340 -600နှင့် A 330 -300လေယာဉ်များ ဆင်း/တက် အသုံးပြုလျက်ရှိပြီး နိုင်ငံတကာလေကြောင်းလိုင်းများဖြစ်သည့် ထိုင်းလေကြောင်းလိုင်း၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၊ Silk Air၊ အိန္ဒိယလေကြောင်းလိုင်း၊ Mandarin လေကြောင်းလိုင်း၊ တရုတ်လေကြောင်းလိုင်း၊ ကာတာလေကြောင်းလိုင်း၊ Jetstar Asia၊ မလေးရှားလေကြောင်းလိုင်း၊ ဗန်ကောက်လေကြောင်းလိုင်း၊ ထိုင်းအဲအေးရှားလေကြောင်းလိုင်းများ အနေဖြင့် နိုင်ငံတကာခရီးစဉ်များကို တစ်ပတ် စုစုပေါင်းခေါက်ရေ ၈၅ ခေါက်ခန့် ဆင်း/တက် အသုံးပြုလျက်ရှိကြောင်း။

ဤလအတွင်းမှာပင် နိုင်ငံတကာလေကြောင်းလိုင်းသစ်အဖြစ် Air Bagan လေကြောင်းလိုင်းလည်း ပါဝင်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် လေယာဉ်ကြီးများရပ်နားရန် အကျယ်အဝန်းနှင့် လေဆိပ်အဆောက်အအုံ ခရီးသည်ဝင်/ထွက်အသုံးပြုနိုင်မှုစသည်များနှင့် လိုက်လျောညီထွေဖြစ်ပြီး ခေတ်မီနည်းစနစ် များ အသုံးပြုနိုင်မည့် ဤလေဆိပ်အဆောက်အအုံသစ်ကြီး အပါအဝင် လိုအပ်သည့် တိုးချဲ့မှုလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် အေးရှားဝေါလ်ကုမ္ပဏီအား လုပ်ငန်းအပ်နှံပြီး ဆောင်ရွက်စေခဲ့ကြောင်း။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

လေကြောင်းလိုင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သည့် ဝန်ဆောင်မှုကို ပေးနိုင်တော့မှာဖြစ်ကြောင်း။

## နှစ်ထောင်းအားရ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို ဘက်စုံကဏ္ဍစုံ အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်သည့်နေရာ၌ ပို့ဆောင်ရေးကဏ္ဍသည်လည်း အဓိကကျသည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သကဲ့သို့ အခြားစီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုသည့် အရေးပါသော ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ယခုအပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသစ်၊ လေယာဉ်ရပ်နားရာ၊ လေယာဉ်ဆီဖြန့်ဖြူးရေးစနစ်နှင့် လေယာဉ်ဆိုက်ကပ် ပေါင်းကူးတံတားအပါအဝင် ခေတ်မီစနစ်အသီးသီး တပ်ဆင်ထားသော ဤလေဆိပ်အဆောက်အအုံသစ်ကြီးကို တာဝန်ယူဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် များစွာနှစ်ထောင်းအားရ ဂုဏ်ယူမိပါကြောင်း။

## အဆင်ပြေချောမွေ့

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံနှင့် စပ်လျဉ်း၍ အနည်းငယ်ရှင်းလင်းတင်ပြလိုကြောင်း၊ ရန်ကုန်လေဆိပ်၏ လေယာဉ်ပြေးလမ်း၊ သွားလမ်း၊ ရပ်နားလမ်းတို့ကို ၁၉၅၂ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ အခြေစိုက် Christiani & Nielsan ကုမ္ပဏီခွဲက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လေဆိပ်အဆောက်အအုံဟောင်းကို ၁၉၅၇ ခုနှစ်က စတင်ဖွင့်လှစ်အသုံးပြုခဲ့ကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေဖြင့် ထိုစဉ်က ပေါင်ချိန် ၈၅၀၀ ရှိ လူ ၁၁ ဦးဆံ့ ဂျိုးဖြူလေယာဉ်များ၊ ပေါင်ချိန် ၂၈၀၀၀ ရှိ လူ ၂၈ ဦးဆံ့ ဒါကိုတာလေယာဉ်များ၊ ပေါင်ချိန် ၂၈၀၀၀၀ ရှိ လူ ၁၀၀ ကျော်ဆံ့ (B-707)၊ ဒီစီ(၈)၊ ဗွီစီ(၁၀)လေယာဉ်များသာ ဆင်းတက်အသုံးပြုနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ ၁၉၈၀ ပြည့်နှစ်လွန်များအထိ မြန်မာလေကြောင်းအနေဖြင့် ဗန်ကောက်၊ ဒက္ကာ၊ ကော်လ်ကတ္တား၊ ခတ္တမန္ဒူနှင့် စင်ကာပူနိုင်ငံတို့သို့ တစ်ပတ် ၁၁ ခေါက်၊ ထိုင်းလေကြောင်းလိုင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေကြောင်းလိုင်း၊ အဲရိုဖလုပ်တို့မှ တစ်ပတ် သုံးကြိမ်မျှသာ ပျံသန်းအသုံးပြုနိုင်ခဲ့သည့် အနေအထားဖြစ်ကြောင်း၊ ထိုစဉ်အချိန်က လေယာဉ်များ၏ အရွယ်အစား၊ ပါဝင်သည့်ခရီးသည် အရေအတွက်၊ တစ်ပတ်ဆင်းတက်သည့် ခေါက်ရေတို့ကြောင့် လေဆိပ်အဆောက်အအုံ၏ ဝန်ဆောင်မှုကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်လာခြင်းနှင့်အတူ ကမ္ဘာလှည့်ခရီးသည်များ တိုးမြှင့်ဝင်ရောက်လာရေး ဦးတည်ချက်

## ဝင်ထွက်သွားလာနိုင်

လေဆိပ်အဆောက်အအုံသစ်ကို အရှည် ၈၃၂ ပေ၊ အကျယ် ၂၀၆ ပေ၊ အမြင့် ၆၈ ပေနှင့် လေယာဉ်ရပ်နားနေရာ ၆၀၀ x ၆၀၀ ပေကို တည်ဆောက်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ ၁၂၀ x ၄၀ ပေရှိသည့် အရေးကြီးပုဂ္ဂိုလ်များအဆောင်ကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း၊ ယခုလေဆိပ် အဆောက်အအုံသစ်အနေဖြင့် တစ်နာရီလျှင် ခရီးသည် ၁၈၀၀ ဝင်ထွက် သွားလာနိုင်ပြီး တစ်နှစ်ခရီးသည် ၂ ဒသမ ၇ သန်းနှင့် တစ်နာရီလျှင် လေယာဉ် ငါးစင်းခန့် ဆိုက်ရောက်၊ ထွက်ခွာနိုင်အောင် ဆောင်ရွက်ထားကြောင်း။

လေဆိပ်အဆောက်အအုံသစ်၌ လေယာဉ်ဆိုက်ကပ်ပေါင်းကူးတံတားများ၊ ရွေ့လျားဓာတ်လှေကားနှင့် ဓာတ်လှေကားများ၊ ခရီးသည်အိတ်များ သယ်ဆောင်မှုစနစ်၊ ဗဟိုထိန်းချုပ် လေအေးဖြန့်ဖြူးရေးစနစ်၊ လေယာဉ်ရပ်နား အချက်ပြစနစ်၊ လေယာဉ်ဆီ ဖြန့်ဖြူးရေးစနစ်၊ ရေပေးဝေရေးစနစ်၊ လေယာဉ်ဆိုက်ရောက်/ထွက်ခွာ ကြေညာမှုစနစ်၊ ခေတ်မီလုံခြုံရေးစနစ်၊ မီးဘေးကာကွယ်မှုအချက်ပေးနှင့် မီးငြိမ်းသတ်မှုစနစ် စသည့် ခေတ်မီလေဆိပ်တစ်ခု၏ အင်္ဂါရပ်များ ပြည့်စုံစွာ ထည့်သွင်းတည်ဆောက်နိုင်ခဲ့ကြောင်း။

Department Control System ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ ခရီးသည်နှင့် ကုန်စည်များ လွယ်လင့်တကူ ခရီးသွားလာနိုင်ရေးအတွက် ခေတ်နှင့်လျော်ညီသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် အလေးထားဆောင်ရွက်ထားကြောင်း။

## ဂုဏ်ယူဝင့်ကြွား

ယခုကဲ့သို့ ခေတ်မီစနစ်အသီးသီး အသုံးပြုပြီး အဆောက်အအုံကို တည်ဆောက်ပါက နိုင်ငံခြားမှ ကန်ထရိုက်တာများ၊ အတိုင်ပင်ခံများ ငှားရမ်း၍ တည်ဆောက်ရမှာဖြစ်ကြောင်း၊ ယခု ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံသစ်မှာ နိုင်ငံသားကျွမ်းကျင်သူများဖြင့် တည်ဆောက်ခဲ့သည့် အဆောက်အအုံဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝင့်ကြွားရမည့် အောင်မြင်မှုဖြစ်ကြောင်း၊ မှတ်တမ်းတင်ရမှာ ဖြစ်ကြောင်း။

ဤရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးသည် မြန်မာနိုင်ငံအတွက် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့်အတူ မြန်မာနိုင်ငံ၏လေကြောင်းကဏ္ဍတွင် ဂုဏ်ယူရမည့် လေဆိပ်သစ်အဖြစ် တည်ရှိနေမှာဖြစ်ကြောင်း၊ တစ်ဖက်ကလည်း လေဆိပ်သစ်ကြီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ အနေဖြင့် အရည်အသွေးရော စိတ်ဓာတ်ပါ မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လေဆိပ်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

## ဖဲကြိုးဖြတ်

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည့် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်တို့က လေဆိပ်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် လေဆိပ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အရေးကြီးပုဂ္ဂိုလ်များအဆောင်နှင့် လေယာဉ်ဆိုက်ကပ်ပေါင်းကူးတံတားလေးစင်းကို ကြည့်ရှုစစ်ဆေးကြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ပထွက်ခွာဆောင်ရှိ ကူးပြောင်းခရီးစဉ်အတွက် စီစဉ်ဆောင်ရွက်ထားမှုများ၊ လူဝင်မှုစစ်ဆေးရေးကောင်တာများ၊ အကောက်ခွန်စစ်ဆေးရေးကောင်တာများ၊ ခရီးသည်အိတ် သယ်ဆောင်ရေးဌာနများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ရုံးခန်းများ၊ ခရီးသည်နားနေဆောင်များနှင့် ဆိုက်ရောက်အဆောင်၌ ဖွဲ့စည်းတည်ဆောက်ထားမှုများကို ကြည့်ရှုစစ်ဆေးကြရာ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် လေဆိပ်ဧည့်ခန်းဆောင်တွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းတို့အား ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက လေဆိပ်အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံသစ်မှာ အရှည် ၈၃၂ ပေ၊ အကျယ် ၂၀၆ ပေ၊ အမြင့် ၆၈ ပေရှိသည်။ ရစ်ချက်စတာစကေးစရှိ ငလျင်ဒဏ်ခံနိုင်ရည်အားရှိသည့် အဆောက်အအုံဖြစ်သည်။

လေဆိပ်အဆောက်အအုံအတွင်း အခန်းဖွဲ့စည်းမှုအနေဖြင့် အရေးကြီးပုဂ္ဂိုလ်များ ဧည့်ခန်းနှင့် နားနေခန်းများ၊ ရုံးခန်းများ၊ ဈေးဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်ခန်းများ၊ စားသောက်ဆိုင်ငယ်များနှင့် သန့်စင်ခန်းများ ပါရှိသည်။

မော်တော်ယာဉ် ရပ်နားနေရာများကိုလည်း စနစ်တကျ ထည့်သွင်းတည်ဆောက်ထားရာ လေဆိပ်အဆောက်အအုံမြေညီထပ်၊ မြေအောက်ထပ်တို့၌ စုစုပေါင်း မော်တော်ယာဉ်အစီး၂၈၀ ရပ်နားနိုင်သည်။

## စနစ်တကျထားရှိ

အဆောက်အအုံအတွင်း ဓာတ်လှေကား ငါးစင်း၊ ရွေ့လျားစက်လှေကား သုံးစင်းနှင့် ရိုးရိုးလှေကားလေးစင်းတို့ကို ထည့်သွင်းတည်ဆောက်ထားသည်။ လူဝင်မှုစစ်ဆေးရေးကောင်တာ ၁၂ ခု၊ အကောက်ခွန်စစ်ဆေးရေးကောင်တာ လေးခု၊ ထွက်ခွာစစ်ဆေးမှုကောင်တာ (Check in Counter) ၃၀၊ လေယာဉ်ကူးပြောင်း စစ်ဆေးမှုကောင်တာ (Transit Counter) နှစ်ခု၊ ငွေကြေးလဲလှယ်မှု စစ်ဆေးရေးကောင်တာငါးခုတို့ကို စနစ်တကျထားရှိသည်။

EM အီလက်ထရွန်နစ်သော့စနစ်၊ Card Access စနစ်တို့အပါအဝင် ခေတ်မီလုံခြုံရေးစနစ်များပါ ထည့်သွင်းစီစဉ်ထားရှိသည်။ မီးဘေးလုံခြုံမှုစနစ်၊ လေယာဉ်ဆိုက်ရောက်ခြင်း၊ ထွက်ခွာခြင်းကြေညာမှုစနစ်၊ သတင်းနှင့် ပြန်ကြားရေးစနစ်တို့လည်း ပါရှိသည်။

လေဆိပ်အဆောက်အအုံသစ်အတွင်း တယ်လီဖုန်းလိုင်း ၃၀၀ ဖြင့်လည်း ဆက်သွယ်မှုစနစ် ကောင်းမွန်အောင် ဆောင်ရွက်ထားသည်။

## ပေါင်းကူးတံတားလေးခု

လေဆိပ်အဆောက်အအုံသစ်၌ တစ်နာရီလျှင် ခရီးသည်ဦးရေ ၁၈၀၀၊ တစ်နှစ်လျှင် ခရီးသည်ဦးရေ ၂ ဒသမ ၇ သန်း လက်ခံနိုင်သည်။ လေယာဉ်ဆိုက်ရောက်နိုင်မှုမှာ တစ်နာရီလျှင် ငါးစင်းဖြစ်သည်။ အဆောက်အအုံသစ်၌ အရှည် ၁၃၈ ပေ၊ အကျယ် ၁၀ ပေရှိ လေယာဉ်ဆိုက်ကပ်ပေါင်းကူး တံတားလေးခု ပါရှိသည်။

လေဆိပ်အဆောက်အအုံသစ်၌ လျှပ်စစ်ဓာတ်အားပေးမှုစနစ်မှာ ၁၆၀၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံး တပ်ဆင်တည်ဆောက်ထားပြီး အရေးပေါ်ဓာတ်အားပေးစနစ်လည်း ထားရှိသည်။

လေဆိပ်အဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၀၃ ခုနှစ် ဧပြီ ၁၈ ရက်တွင် စတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၆–၅–၂၀၀၇ ရက် (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၅ ၅။ အတီးပြိုင်ပွဲ

၈:၁၀ ၆။ ထပ်ဆင့်အောင်ပွဲ ဧရာဝတီတံတား(ဒေးဒရဲ)

၈:၁၅ ၇။ တေးဂီတအစီအစဉ်

၈:၃၀ ၈။ International News

၈:၄၅ ၉။ Grammar Made Easy.

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ ပြည်တွင်းသတင်း

၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၂:၃၀ ၆။ **“ရှင်နှောင်းကျောင်းရောက်ပြီ”** ကြည့်စိုး၊ထူးသာ၊ ချောနုဝင်း၊ ကျော်မေခမွန်၊ ယွန်းငုံဖူး (ဒါရိုက်တာ–ဦးခင်ဇော် ကေသီပန်)

၁၂:၃၀ ၇။ နိုင်ငံတကာအဆင့်မီ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်ဆီ

၁၃:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၁၃:၃၀ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်

၁၃:၄၅ ၁၀။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ရိုးရာလုပ်ငန်းပန်းပွတ်စွမ်း ရှာလွှတ်ထုတ်ကုန်နိုင်ငံ့ဂုဏ်)

၁၄:၀၀ ၁၁။ **“စက်မှုတပ်ဆင်လုပ်ငန်းတွင်”** အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင် (ဒါရိုက်တာ–ဝင်းထွန်းထွန်း)

၁၄:၁၅ ၁၂။ အကပြိုင်ပွဲ

၁၄:၃၀ ၁၃။ ရန်ကုန်တိုင်း မဟူရာရေလှောင်တမံ

၁၄:၄၅ ၁၄။ International News

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)

၁၆:၄၅ ၄။ နားဝင်ပီယံသူ့လက်သံ

၁၆:၅၀ ၅။ တေးဂီတအစီအစဉ်

၁၇:၀၅ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၇:၃၀ ၇။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်

၁၈:၀၀ ၈။ ညနေခင်းသတင်း

၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ

၁၈:၃၅ ၁၀။ အလှရှာမယ် လှကမ္ဘာဝယ်

၁၉:၀၀ ၁၁။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ပင်လောင်းလက်ဖက် နတ်သစ်ရွက်)

၁၉:၁၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **“သမားတော်”** (အပိုင်း–၂၈)

၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း

၁၄။ နိုင်ငံတကာသတင်းများ

၁၅။ မိုးလေဝသအခြေအနေ

၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ပန်းနှင်းဆီ”** (အပိုင်း–၁၉)

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ အီလက်ထရွန်နစ်ပစ္စည်း အရောင်းခန်းမ တစ်ခု၌ ပြသထားသည့် ကင်မရာများကို မေ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာရန် တရုတ်နှင့် ပြင်သစ်သမ္မတတို့ ဆွေးနွေး

ပေကျင်း မေ ၂၅

**တရုတ်သမ္မတ ဟူကျင်တောင်သည် ပြင်သစ်သမ္မတ နီကိုလတ်ဆာကိုဇီနှင့် မေ ၂၃ရက်နှောင်းပိုင်းက တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။**

### ယုံကြည်

တရုတ်သမ္မတ ဟူကျင်တောင်က ပြောကြားရာတွင် တရုတ်-ပြင်သစ် ဆက်ဆံရေးကို သမ္မတဆာကိုဇီအနေဖြင့် တိုးတက်အောင် ဆက်လက်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

### ထူထောင်

တရုတ်နှင့် ပြင်သစ် ပြည်သူများသည် နှစ်ကာလကြာရှည်စွာ ချစ်ကြည်ရင်းနှီးမှုကို ထိန်းထားနိုင်ခဲ့ကြကြောင်း၊ ပြင်သစ်နိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် အနောက်အုပ်စုတွင် ပထမဆုံး သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း မစ္စတာဟူက ဖုန်းဖြင့် ပြင်သစ်သမ္မတထံသို့ ဆက်လက်ပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်

မကြာသေးသည့်နှစ်များက နှစ်နိုင်ငံဆက်ဆံရေး အခိုင်အမာဆောင်ရွက်ခဲ့ခြင်းနှင့်အတူ နယ်ပယ်ကဏ္ဍအသီးသီးတွင်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

တရုတ်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်း အဖွဲ့ဝင်များဖြစ်သည့် အားလျော်စွာ အရေးကြီးကိစ္စများကိုလည်း အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း ဟူကပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ဂရိဝန်ကြီးချုပ် ဩစတြေးလျရောက်ရှိ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ ဆွေးနွေးမည်

**ကင်ဘာရာ မေ ၂၅**

ဂရိဝန်ကြီးချုပ် ကော့စ်တက်ကာရာမင်လစ်နှင့် ဇနီးဖြစ်သူတို့သည် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သို့ မေ ၂၁ ရက်၌ ငါးရက်ကြာအလည်အပတ်ခရီးအဖြစ် ရောက်ရှိလာကြောင်း ဩစတြေးလျ မီဒီယာများက ဖော်ပြသည်။

### ပထမဆုံးလာရောက်

ဂရိဝန်ကြီးချုပ် ကာရာမင်လစ်၏ ယခုခရီးစဉ်သည် ဂရိဝန်ကြီးချုပ်တစ်ဦး၏ ဩစတြေးလျနိုင်ငံသို့ ပထမဆုံး လာရောက်သည့် အလည်အပတ်ခရီးလည်း ဖြစ်သည်။

ဂရိဝန်ကြီးချုပ်သည်ဩစတြေးလျနိုင်ငံတွင် နေထိုင်စဉ် မဲလ်ဘုန်း၊ ဒါဝင်စသည့်မြို့များသို့လည်း အလည်အပတ်ခရီးသွားရောက်မည်ဖြစ်ပြီး ကင်ဘာရာမြို့သို့ သွားရောက်မည်ဖြစ်သည်။

### လက်မှတ်ရေးထိုး

ဂရိနှင့် ဩစတြေးလျ နှစ်နိုင်ငံခေါင်းဆောင်တို့အနေဖြင့် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ပြီး သဘောတူညီချက်များလည်း လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## မက်ဒရစ်မြို့၌ မိုးသည်းထန်ပြီး ရေလွှမ်း ရထားခရီးစဉ်များ ရပ်ဆိုင်းထားရ

မက်ဒရစ် မေ ၂၅

**စပိန်နိုင်ငံ မက်ဒရစ်မြို့၌ မေ ၂၃ ရက်က မိုးသည်းထန်စွာရွာသွန်းသဖြင့် ရထားလမ်းများပေါ်တွင် ရေလွှမ်းမှုများဖြစ်ပွားခဲ့ကြောင်း၊ စပိန်နိုင်ငံရှိ မြို့ကြီးများ၌ ယင်းညတွင် ရေများဖုံးလွှမ်းသွားခဲ့ပြီး သစ်ပင်များ ပြိုလဲခဲ့ကြောင်း ရိုက်တာ၌ ဖော်ပြသည်။**

**မိုးရွာသွန်းမှုသည် တစ်နာရီလျှင် တစ်စတုရန်းမီတာတွင် လီတာ ၃၀နှုန်း ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုမှာ တစ်နာရီလျှင် ကီလိုမီတာ ၉၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ကြောင်း၊ မြစ်ရေများလျှံတက်ကာ အဝေးပြေးလမ်းမကြီးများပေါ်၌ ရေများဖုံးလွှမ်းလျက်ရှိပြီး လျှပ်စစ်မီးများ ပြတ်တောက်ခဲ့သည်။**

**စပိန်နိုင်ငံတောင်ပိုင်းရှိ မူရာကာမြို့၊ ဗလင်စီယာမြို့၊ အယ်မာရာမြို့နှင့် ဂျိန်းမြို့များရှိ ရထားလမ်း ခရီးစဉ်များ ရပ်ဆိုင်းခဲ့ရသည်။**

အမ်အင်န်အေ၊ရိုက်တာ

တူရကီနိုင်ငံ အန်ကာရာမြို့တွင် ကျင်းပသည့် နိုင်ငံတကာ လေကြောင်းကာကွယ်ရေးဆိုင်ရာ စွမ်းရည်ပြပွဲကို မေ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အင်ဒိုနီးရှား၌ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

**ဂျကာတာ မေ ၂၅**

အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်းတွင် မေ ၂၂ ရက်က အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ အသေအပျောက် အပျက်အစီးမရှိကြောင်း မိုးလေဝသနှင့် ဘူမိရူပဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းငလျင်သည် အင်အား ၅ဒသမ၉ ရှိပြီး ဂျာဗားကျွန်း အလယ်ပိုင်း ဂျော့ဂျ်ဂျာကာတာပြည်နယ် ဝိုနိုဆာရီမြို့၏ အနောက်တောင်ဘက် ၁၁၆၈ ကီလိုမီတာအကွာ ပင်လယ်ကြမ်းပြင်အောက် ၅၁၄ ကီလိုမီတာကို ဗဟိုပြု၍ ဒေသစံတော်ချိန်မွန်းလွဲ ၁ နာရီ ၂၃ မိနစ်တွင် လှုပ်ခဲ့ကြောင်း ယင်းဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## ပါကစ္စတန်၌ တိုက်ပွဲဖြစ်ပွား တိုက်ခိုက်ရေးသမား သုံးဦးသေဆုံး

မီရန်ရှက်ချ်(ပါကစ္စတန်) မေ ၂၅

**ပါကစ္စတန်နိုင်ငံ မြောက်ပိုင်း ဝါဇီရစ်(စ်)တန်ဒေသမှ အာဖဂန်နယ်စပ်ရှိ တိုက်ခိုက်ရေးသမားတို့၏ လေ့ကျင့်ရေးစခန်းကို ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၂၂ရက်တွင် ဝင်ရောက်စီးနင်းပြီး လက်နက်ချခိုင်းရာမှ ပစ်ခတ်မှုဖြစ်ပွားကာ တိုက်ခိုက်ရေးသမား သုံးဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က ထုတ်ဖော်ပြောကြားခဲ့သည်။**

**စစ်ဘက်ဆိုင်ရာအရာရှိ သုံးဦး သေဆုံးခဲ့ကြောင်း၊ မြောက်ဝါဇီရစ်(စ်)တန်ဒေသ၏ အဓိက မီရန်ရှက်ချ်မြို့ရှိ ရိုက်တာသတင်းထောက်တစ်ဦးကမူ ဆေးရုံသို့ လူသေလေးလောင်း ရောက်ရှိလာကြောင်း၊ တစ်ဦးမှာ အာရှအလယ်ပိုင်း ဥဇဘက်ကစ္စတန်နိုင်ငံသား ဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။**

**ယင်းဖြစ်ရပ်သည် အမေရိကန်ဦးဆောင်သော အကြမ်းဖက်မှု နှိမ်နင်းရေးကို ပါကစ္စတန်နိုင်ငံ၏ ဟန့်တားမှုဖြစ်ကြောင်း ဖော်ပြခဲ့သည်။**

အမ်အင်န်အေ၊ရိုက်တာ

## ကန်နှင့်အပေါင်းပါများ အာဖဂန်၌ တိုက်ခိုက် အရပ်သား ၉၀သေဆုံးခဲ့

**ကဘူးလ် မေ ၂၅**

အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုလအတွင်း တာလီဘန်တို့၏ လက်လုပ်ဗုံးများ ပေါက်ကွဲ၍ သေဆုံးခဲ့ရသည့် အလုပ်သမား ၄၀ အပါအဝင် ပြည်ပတပ်များ ပစ်ခတ်၍ သေဆုံးသူ နှစ်ရပ်ပေါင်း ၈၅ဦးရှိကြောင်း နေတိုးအဖွဲ့က မေ ၂၃ရက်တွင် ပြောကြားလိုက်သည်။

### ပြောကြား

ယင်းကာလအတွင်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အနည်းဆုံး အရပ်သား ၉၀ သေဆုံးခဲ့ကြောင်း အာဖဂန် တာဝန်ရှိသူများနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားခဲ့သည်။

**အမ်အင်န်အေ၊ရိုက်တာ**

## ဗီယက်နမ် ဘဲခြံများ၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဟန္နိုင်း မေ ၂၅

**ဗီယက်နမ်နိုင်ငံတစ်ဝန်း လွန်ခဲ့သောသီတင်းပတ်က ကြက်ငှက်တုပ်ကွေးကြောင့် ဘဲ ၁၉၀၀ သေဆုံးခဲ့ကြောင်း အစိုးရ တာဝန်ရှိသူတစ်ဦးက မေ ၂၂ရက်တွင် ပြောကြားသည်။**

### ရောဂါဖြစ်ပွား

အဆိုပါ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသည့် ဒေသများမှာ ပြည်နယ်ငါးခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းတို့အနက် ဆွန်လာပြည်နယ်၊ ကွမ်းနစ်ပြည်နယ်၊ နမ်ဒင့်နှင့် မဲခေါင်မြစ်ဝှမ်းတောင်ပိုင်း ကင်နူသိုမြို့တို့၌ မေ ၁၆ရက်မှ ၁၉ရက်အထိ စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ $H_5N_1$ ဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက အတည်ပြုခဲ့သည်။

အဆိုပါသေဆုံးသော ဘဲများမှာ **(အောက်ပုံ)** မွေးမြူရေးခြံခုနစ်ခြံ၌ ဖြစ်ခဲ့ကြောင်း၊ ယင်းတို့မှာ ကြက်ငှက်တုပ်ကွေးကာကွယ်ဆေးထိုးပေးထားခြင်း မရှိကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးဌာနက ပြောကြားသည်။ ယင်း $H_5N_1$ ဗိုင်းရပ်စ်ကြောင့် ၂၀၀၃ ခုနှစ် နှောင်းပိုင်းက အာရှ၌ ပြန်လည် ခေါင်းထောင်လာခဲ့ရာ ဗီယက်နမ်နိုင်ငံ၌ ယင်းရောဂါကြောင့် သေဆုံးသူ ၄၂ဦးရှိသွားပြီဖြစ်သည်။

**အမ်အင်န်အေ၊ရိုက်တာ**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆-၅-၂၀၀၇ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇း၀၅ | (၂၄)ပစ္စည်းပဌာန်းဒေသနာတရားတော် (အပိုင်း-၅) (ဓမ္မဒူတအရှင်ဆေကိန္ဒ) |
| ၈း၀၅ | တေးဂီတအစီအစဉ် |
| ၈း၁၅ | တစ်ပတ်အတွင်းအားကစားသတင်း |
| ၈း၃၀ | တေးဂီတအစီအစဉ် |
| ၈း၃၅ | Activities in the City |
| ၈း၅၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၅ | မြစ်ရေအနောက်ဘက်ခြမ်းမှ ဆည်ကန်သာ (မမြရေလှောင်တမံ) |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | ကလေးတို့အတွက်လက်ဆောင် (မျက်မှန်ကလေး) |
| ၁၀း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ | မြန်မာ့မျိုးဆက်သစ်တို့၏ ခြေလှမ်း အဆင့်မြင့် ဘောလုံးအားကစား သင်တန်း |
| ၁၀း၅၅ | တေးဂီတအစီအစဉ် |
| ၁၁း၀၅ | သင်ယူလေ့လာဂီတပညာ (နိုင်ဇော်၏ ဂစ်တာသင်ခန်းစာများ) အပိုင်း(၁) (ဒုတိယပိုင်း) |
| ၁၁း၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁း၃၅ | ပုခန်းကြီးရှေးဟောင်းကျောင်းတော်ကြီး |
| ၁၁း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅ | သီရိမင်္ဂလာကမ္ဘာအေးစေတီ |
| ၁၂း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၂း၂၀ | ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား (အခြေခံ) (အပြည့်လွှဲခြင်း၊ သဲကျင်းဘန်ကာ ရိုက်ချက်) |
| ၁၂း၃၀ | တေးဂီတအစီအစဉ် |
| ၁၂း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၄၀ | အန္တရယ်ကင်းသောမိခင်ဘဝ |
| ၁၂း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ဇောတိက(၄)အကဲဖြတ်တွင်းမှ သဘာဝဓာတ်ငွေ့များစမ်းသပ်တွေ့ရှိ တစ်ရက်လျှင် ကုဗပေ ၃၁ ဒသမ ၅ သန်း ထုတ်လုပ်နိုင်

**နေပြည်တော် မေ ၂၅**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် ထုတ်လုပ်မှု အပေါ် ခွဲဝေခံစားရေး စာချုပ်ချုပ်ဆို လုပ်ကိုင်နေသော ထိုင်းနိုင်ငံမှ PTT Exploration and Production International Limited (PTTEPI)သည် မုတ္တမကမ်းလွန် ဒေသလုပ်ကွက်အမှတ် M-9 အတွင်း၌ တူးဖော်သည့် ဇောတိက-၄ အကဲဖြတ်တွင်းမှ စီးပွားဖြစ် သဘာဝဓာတ်ငွေ့များကို စမ်းသပ်တွေ့ရှိသည်။

**စမ်းသပ်တွေ့ရှိ**

ဇောတိက-၄ အကဲဖြတ်တွင်းကို မေ ၃ ရက်မှစတင်၍ အနက် မီတာ ၂၃၉၀အထိတူးဖော်ခဲ့ရာ စီးပွားဖြစ် သဘာဝဓာတ်ငွေ့များကို စုစုပေါင်း ၁၆၁ မီတာထူသော သဲကြောများ အတွင်း တွေ့ရှိခဲ့သည်။ အနက် ၂၁၆၆ မီတာမှ ၂၁၇၂ မီတာ အထိကို စမ်းသပ်ခဲ့ရာ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ၃၉ဒသမ ၆ သန်းကိုလည်းကောင်း၊ ၁၅၁၇ မီတာမှ ၁၅၂၃ မီတာအထိ စမ်းသပ်ခဲ့ရာ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၃၁ဒသမ၅သန်းကိုလည်းကောင်း ထုတ်လုပ်နိုင်ကြောင်း စမ်းသပ်တွေ့ရှိရသည်။

**စီးပွားဖြစ်ထုတ်လုပ်နိုင်**

PTTEPIကုမ္ပဏီသည် ၂၀၀၅ ခုနှစ် နိုဝင်ဘာလ အတွင်းက ဇောတိက-၁ ရှာဖွေရေးတွင်းကိုလည်းကောင်း၊ ၂၀၀၆ခုနှစ် နိုဝင်ဘာလအတွင်းက ဇဋိလ-၁ ရှာဖွေရေးတွင်း ကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ် မတ်လအတွင်းက ဇောတိက-၂ ရှာဖွေရေးတွင်းကို လည်းကောင်း၊ ၂၀၀၇ ခုနှစ် ဧပြီလ အတွင်း ဇောတိက-၁(က)၊ ယောသက-၁၊ ကာကောဏ္ဍ-၁ ရှာဖွေရေးတွင်းများနှင့် ဇောတိက-၃ အကဲဖြတ်တွင်းတို့ကို လည်းကောင်း တူးဖော်စမ်းသပ်ခဲ့ရာ စီးပွားဖြစ် သဘာဝဓာတ်ငွေ့များ ထုတ်လုပ်နိုင်ကြောင်း စမ်းသပ်တွေ့ရှိခဲ့ပြီး ဖြစ်သည်။

ယခုသဘာဝဓာတ်ငွေ့တွေ့ရှိသော ဇောတိက-၄ အကဲဖြတ်တွင်းမှာ ပလိုင်အိုစင်းသက်တမ်း သဲကြောများမှ သဘာဝဓာတ်ငွေ့များတွေ့ရှိခြင်းဖြစ်ရာ လုပ်ကွက် M-9 အတွင်း စီးပွားဖြစ်သဘာဝဓာတ်ငွေ့များ တည်ရှိနေမှု အလားအလာကောင်းများကို ပိုမိုခိုင်မာစွာ ထပ်မံအတည်ပြုနိုင်ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9 အတွင်း၌ တူးဖော်သည့် ဇောတိက-၄ အကဲဖြတ်တွင်းမှ သဘာဝဓာတ်ငွေ့များ စမ်းသပ်မီးရှို့ထားမှုကို တွေ့ရစဉ်။** (စွမ်းအင်)

# NLD ပါတီကို ယုံကြည်မှုမရှိ ပါတီ၏လုပ်ရပ်များကို စိတ်ပါဝင်စားမှုမရှိ အရာတော်မြို့နယ်မှ ပါတီဝင် ၁၀ ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် မေ ၂၅**

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော နောင်ကြီးအိုင်ကျေးရွာမှ ဦးပေါတင်၊ ဦးဒေါင်းထူး၊ ဦးဖိုးသိုင်း၊ ဦးမွေးနှင့် ဦးဆန်း၊ အောင်သုခကျေးရွာမှ ဦးချို၊ ဦးအောင်ရီ၊ ဘုံလက်ခက်ကျေးရွာမှ ဦးချစ်သန်း၊ ဦးတင်မောင်ရွှေတို့အပါအဝင် ပါတီဝင် ၁၀ ဦးတို့သည် မေ ၁၁ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

အရာတော်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီကို ယုံကြည်မှု မရှိတော့ခြင်း၊ NLD ပါတီ၏ လုပ်ရပ်များကို စိတ်ပါဝင်စားမှုမရှိတော့ခြင်း တို့ကြောင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

# လှုပ်လှုပ်ရှားရှား တောင်ကိုရီးယားအနုပညာရှင်များ

## နိုင်ငံတကာ အနုပညာသတင်း တင်ပြသူ-မောင်မောင်မြင့်ဆွေ

**ဆိုးလ် မေ ၂၅**

တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော်များ၏ လှုပ်ရှားမှု အဖုံဖုံကို စုစည်းပြီး မြန်မာ့အလင်း ပရိသတ်အတွက် ဖော်ပြလိုက်ပါသည်။

တောင်ကိုရီးယားနိုင်ငံမှကမ္ဘာကျော် ရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော် ဖြစ်သူ ရိန်းသည် ဟောလီးဝုဒ်ရုပ်ရှင် ဇာတ်ကားဖြစ်သည့် "Speed Racer"

**တောင်ကိုရီးယား ရုပ်ရှင် သရုပ်ဆောင်နှင့် အဆိုတော် ရိန်း။** (ဓာတ်ပုံ-အင်တာနက်)

ရုပ်ရှင်ကားတွင် ပါဝင်ရိုက်ကူးတော့မည်ဖြစ်သည်။

**အောင်မြင်ကျော်ကြား**

၎င်းရုပ်ရှင်ဇာတ်ကားမှာ ဂျပန်နိုင်ငံတွင် အောင်မြင်ကျော်ကြားလူကြိုက်များခဲ့သော "Mach Go Go" ဇာတ်လမ်းကို အခြေခံထားသော ရုပ်ရှင်ဖြစ်သည်။ ထိုရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်သူမှာ ဟောလီးဝုဒ်မှ ဝါချောစကီ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းဖြစ်သည်။

ရိန်းသည် လာမည့်ဇွန်လ၌ ကမ္ဘာတစ်ဝန်းသို့ ခရီးစဉ်များထွက်ခွာမည်ဖြစ်ပြီး ၎င်းခရီးစဉ်များ ပြီးဆုံးပါက ဂျာမနီနိုင်ငံ ဘာလင်မြို့သို့ ခရီးဆက်လက်ထွက်ခွာမည်ဖြစ်သည်။ ဘာလင်မြို့တွင်လည်းရုပ်ရှင်ရိုက်ကူးရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးမည်ဖြစ်သည်။

**ရှင်းလင်းပြောကြား**

ယခု မေ ၃၁ ရက်တွင် ကမ္ဘာတစ်ဝန်းမှ မီဒီယာသမား ၁၀၀ ကျော်ကို ဆိုးလ်မြို့၌ တွေ့ဆုံမည်ဖြစ်ပြီး ၎င်း၏ ဟောလီးဝုဒ်တွင် ရုပ်ရှင်ရိုက်ကူးမှုများကို ရှင်းလင်းပြောကြားမည်ဖြစ်သည်။

**ပါဝင်သရုပ်ဆောင်**

ထို့အတူ တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင် လီဗျောင်ဟွန်းလည်း ဗီယက်နမ်ဒါရိုက်တာ ထရန်အန်ဟွန် ရိုက်ကူးမည့် "I Come with the Rain" ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

၎င်းဇာတ်ကားကို လာမည့် ဇွန် ၉ရက်မှစတင်ကာ လော့စ်အိန်ဂျလိစ်မြို့၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဟောင်ကောင်သို့ သီတင်း ၁၀ ပတ်ကြာ သွားရောက်ရိုက်ကူးမည်ဖြစ်ပြီး လာမည့်နှစ်၌ ကမ္ဘာတစ်ဝန်းသို့ စတင်ဖြန့်ချိနိုင်မည်ဖြစ်သည်။

**ပရိသတ်နှင့်တွေ့ဆုံ**

တစ်ဖန်တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင် ကင်ဆောင်ဆိုး(မင်ဟာ) သည်လည်း ဂျပန်ပရိသတ်များနှင့် တွေ့ဆုံရန်အတွက် လာမည့် ဇွန်လ အတွင်း ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

**တောင်ကိုရီးယား ရုပ်ရှင် သရုပ်ဆောင် လီဗျောင်ဟွန်း။** (ဓာတ်ပုံ-အင်တာနက်)

**ဓာတ်ပုံအတူရိုက်**

ကင်ဆောင်ဆိုး(မင်ဟာ)၏ ရုပ်ရှင်ဇာတ်ကားများမှာ ဂျပန်ပရိသတ်များ နှစ်ခြိုက်သဘောကျလျက်ရှိရာ "My be Loved Sister" နှင့် "Stained Glass"ရုပ်ရှင်ဇာတ်ကားများကို ဂျပန်ပရိသတ် အထူးနှစ်သက် အားပေးခဲ့ကြသည်။

ကင်ဆောင်ဆိုး(မင်ဟာ)သည် လာမည့် ဇွန် ၂၄ ရက်တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ သူ၏ ပရိသတ်တစ်သောင်းခန့်နှင့်တွေ့ဆုံကာ ဓာတ်ပုံအတူရိုက်ခြင်းနှင့် ပျော်ရွှင်ဖွယ်ရာကစားခြင်းများ ပြုလုပ်မည်ဖြစ်သည်။ ကင်ဆောင်ဆိုး(မင်ဟာ)သည် လောလောဆယ်တွင် "Some Like it Hot"ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်လျက်ရှိသည်။

**ထင်ပေါ်**

ထို့အတူ တောင်ကိုရီးယားနိုင်ငံ၏ ၂၀၀၆ ခုနှစ် အလှမယ် ဟွန်နီလီသည် ၂၀၀၇ ခုနှစ် မယ်စကြဝဠာပြိုင်ပွဲဝင်များ၌ ထင်ပေါ်ကျော်ကြားမှုအရှိဆုံးအဖြစ် အလွတ်သဘော ဆန္ဒသဘောထား ကောက်မှု၌ ဖော်ပြထားသည်။

ဟွန်နီလီသည် ဂရိအလှမယ်နှင့် ဗင်နီဇွဲလားအလှမယ်များကို ကျော်ဖြတ်ကာ ယခုကဲ့သို့ လူကြိုက်အများဆုံးအဖြစ် ဖော်ပြခြင်းခံရသူဖြစ်သည်။ ၎င်းကို နိုင်ငံတကာအလှမယ် ဝက်ဘ်ဆိုက်က ရွေးချယ်ဖော်ပြခဲ့ခြင်းဖြစ်ပြီး ယခုနှစ်

**တောင်ကိုရီးယား ရုပ်ရှင် သရုပ်ဆောင် မင်ဟာ။** (ဓာတ်ပုံ-အင်တာနက်)

မယ်စကြဝဠာပြိုင်ပွဲဝင် ၇၇ ဦးအနက်မှ အကျော်ကြားဆုံးမယ်အဖြစ်ဖော်ပြခြင်း ခံရသူဖြစ်သည်။ ။

**(ကိုးကား-အင်တာနက်)**

## မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

# ပူပြင်းမှုဒဏ်ကြောင့် ကိုယ်ခန္ဓာတွင်း မျိုးပွားဆဲလ်များပျက်စီးနိုင်

**ဆစ်ဒနီ မေ ၂၅**

လူငယ်များအနေဖြင့် အားလပ်ရက်များတွင် ပူပြင်းမှုဒဏ်ခံရနိုင်သော အပန်းဖြေခရီးများ မထွက်သင့်ကြောင်း သြစတြေးလျသုတေသနပညာရှင်များက သတိပေးလိုက်သည်။

**ပြောကြား**

လူငယ်များသည် အပူချိန်ဒဏ်ခံရပါက ခန္ဓာကိုယ်တွင်း မျိုးပွားမှုဆဲလ်များ ပျက်စီးနိုင်သဖြင့် ထိုသို့သော အပန်းဖြေခရီးစဉ်များသည် ဆိုးရွားကြောင်း ၎င်းတို့က ပြောကြားသည်။

ပူပြင်းသော နေရောင်ခြည်ဒဏ်ကြောင့်မျိုးပွားဆဲလ်များသေစေနိုင်သလို မသေဘဲ ကျန်ရှိနေသော မျိုးပွားဆဲလ်များသည်လည်း အင်အားကောင်းသည့် ဆဲလ်များအဖြစ် စွမ်းအင်မရှိနိုင်တော့ကြောင်း ၎င်းတို့က ပြောကြားသည်။

အပူချိန်ပြောင်းလဲမှုသည် ကျန်းမာရေးအနေအထားအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိနေရာ လုပ်ငန်းခွင်များ၌လည်း အပူဒဏ်ခံရမှုကို လျော့ပါးသက်သာအောင် နေထိုင်လုပ်ကိုင်သင့်ကြောင်း သြစတြေးလျ သုတေသနပညာရှင်များက အကြံပြုထားသည်။

**(အင်တာနက်)**



# နေလှန်းဆားကို သဘာဝနေရောင်ခြည် တစ်ဆက်တည်းရရှိမှသာ ထုတ်လုပ်နိုင် ပင်လယ်ရေကို အငန်နှုန်းမြင့်တက်လာစေရန် အဆင့်ဆင့်လှန်းရ

## နေ့စဉ်စားသုံးသော လူသုံးကုန်ပစ္စည်းများတွင် ဆားသည်အရေးပါ

**ကွင်းဆင်းလေ့လာမေးမြန်းသူ-နုနုရီနှင့် တင်တင်ဝင်း**
**ဓာတ်ပုံမှတ်တမ်း-တင်စိုး( မြန်မာ့အလင်း )**

ဆားလုပ်ငန်းထုတ်လုပ်ပုံနှင့် ပတ်သက်၍ မန်နေဂျာ ဦးကြည်ဝင်းက ဤသို့ရှင်းပြခဲ့သည်။

**ရန်ကုန် မေ ၂၅**

ပင ဆားလုပ်ငန်းသည် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၏ တောင်ဘက် ပငရွာနှင့် ကရပ်ပွိုင့်ရွာအကြား မော်လမြိုင်မြို့နှင့် ရေးမြို့တို့ဆက်သွယ်ထားသည့် မီးရထားလမ်း တစ်ဖက်တစ်ချက်တွင် တည်ရှိသည်။

ဆားကြမ်းများကို ဆားဆေး ဇလားထဲ လောင်းထည့်ရသည်။

### ထုတ်လုပ်ခဲ့

မြန်မာနိုင်ငံတွင် ရှေးယခင်ကာလက ချက်ဆားကိုစားသုံးရန် ထုတ်လုပ်ခြင်းကြောင့်နှစ်စဉ်ဆားချက်ရာတွင် ထင်းများအသုံးပြုရသဖြင့်သစ်တောများပြုန်းတီးလာပြီး ရာသီဥတု ဖောက်ပြန် လာနိုင်ခြင်းကို ကာကွယ်သော အားဖြင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ၁၉၆၄-၁၉၆၅ခုနှစ်မှစ၍ နေလှန်းဆားကြမ်းကို စမ်းသပ်ထုတ်လုပ်ရာ အောင်မြင်ခဲ့သည်။

### ရည်ရွယ်ဆောင်ရွက်

ဤဆားကွင်းအား ဖော်ထုတ်လုပ်ကိုင်ရခြင်းသည် ယခင်ကာလက ချက်ဆားမှရသော အရည်အသွေးမမီသည့် ဆားကို စားသုံးနေရသည့် အခြေအနေမှ နေလှန်းခြင်းဖြင့်ရသော အရည်အသွေးကောင်းမွန်သည့် ဆားကို အစားထိုးစားသုံးနိုင်ကြရန်အတွက် လည်းကောင်း၊ စက်မှုလုပ်ငန်း တိုးတက်လာသည်နှင့်အမျှ အရည်အသွေးကောင်းမွန်သည့် ဆားကို စက်မှုကုန်ကြမ်း အဖြစ် ပေါပေါများများ အသုံးပြုနိုင်ရန်အတွက် လည်းကောင်း၊ သဘာဝ မြေဆီလွှာတွင် အိုင်အိုဒင်းဓာတ်များ တဖြည်းဖြည်း လျော့ပါးလာမှုကြောင့် လူနှင့် တိရစ္ဆာန်များတွင် အိုင်အိုဒင်းဓာတ် ချို့တဲ့သည့် ရောဂါများအား ကာကွယ်နိုင်ရန် နေလှန်းဆားမှရသည့် ဆားကောင်း၊ ဆားသန့်များတွင် အိုင်အိုဒင်းဓာတ်ဖြည့်စွက်၍ စားသုံးနိုင်ရန်အတွက် လည်းကောင်း ရည်ရွယ်၍ ဆောင်ရွက်ခဲ့သည်။

### အဓိကထား

ဤဆားလုပ်ငန်းတွင် နေလှန်းဆားကြမ်းကို အဓိကထား ထုတ်လုပ်ပြီး ဆားချော၊ ဆားခါးကြမ်းနှင့် မဂ္ဂနီဆီယမ်ကလိုရိုဒ်များ ထုတ်လုပ်သည်။



သံဖြူဇရပ်မြို့နယ်မှ ဆားကွင်းများကို ဤသို့ တွေ့ရသည်။

### နေလှန်းထုတ်ယူ

ဆား၏အဓိကကုန်ကြမ်းမှာ ပင်လယ်ရေဖြစ်သည်။ ပင်လယ်ရေကို မြေပြင်သို့တင်၍ နေလှန်း ထုတ်ယူခြင်းဖြစ်သည်။ နေလှန်း

လှန်းပြီး ဆားများကို ဤသို့ ကျုံးကြရသည်။

ဆားကွင်းများထဲတွင် ဆားငန်ရေ တိုင်းသော ပြဒါးတိုင်ကိုအသုံးပြု၏။

### ထုတ်လုပ်ပုံအဆင့်ဆင့်

ပင်လယ်ရေမှ ဆားအမျိုးမျိုးကို အဆင့်ဆင့် ထုတ်လုပ်ပုံမှာ ဝဲဘက်ပါဇယားအတိုင်း ဖြစ်သည်။

### ရာသီဥတုကောင်းမွန်

သံဖြူဇရပ်မြို့နယ်၏ နေလှန်းဆားထုတ်လုပ်သည့် ကျေးရွာအုပ်စုများမှာ ပင၊ ကရပ်ပွိုင့်၊ ကျိုက္ခမီတို့ဖြစ်သည်။

**ဆားတစ်ပွင့်ရရှိရန် မည်ကဲ့သို့ ထုတ်လုပ်ရသည်ကို ကိုယ်တွေ့ မျက်မြင် ကြည့်ရှုခဲ့ရသဖြင့် ဆား၏ တန်ဖိုးကို ပိုမို နားလည်ခဲ့ရ။**

ဆားကွင်းကို တလိမ့်တုံး၊ လူ၊ စက်တို့ဖြင့် မြေသားညီညာအောင် ဤသို့ မြေညှိရသည်။

### ပိုမိုနားလည်ခဲ့

ထို့ကြောင့် ဆားတစ်ပွင့်ရရှိရန်အတွက် မည်ကဲ့သို့ ထုတ်လုပ်ရသည်ကို ကိုယ်တွေ့မျက်မြင်ကြည့်ရှုခဲ့ရသဖြင့် ဆားလုပ်ငန်းခွင်အတွင်း ဆားများသယ်နေသူများ၊ တလိမ့်တုံးဖြင့် လှိမ့်နေသူများ၊ နေပူကျဲကျဲတွင် လုပ်ငန်းခွင်ဝင်နေသူများအား ကရုဏာသက်မိသည်။ ဆား၏တန်ဖိုးကိုလည်း ပို၍နားလည်လာခဲ့သည်။

နေလှန်းဆား ထုတ်လုပ်ခြင်းသည် သဘာဝ နေရောင်ခြည်ကို တစ်ဆက်တည်း ရရှိမှသာလျှင် မြေပြင်ခြင်းလုပ်ငန်း၊ ပင်လယ်ရေကို အငန်နှုန်း မြင့်တက်လာစေရန် အဆင့်ဆင့်လှန်းခြင်း လုပ်ငန်းများ လုပ်ယူရသည့် လုပ်ငန်း သဘာဝဖြစ်သောကြောင့် ရာသီဥတု ကောင်းမွန်ရန် လိုအပ်သည်။

### ဆား၏အရေးပါမှုသိရှိ

အချုပ်အားဖြင့် ဆိုသော်လူနှင့်တိရစ္ဆာန်တို့အတွက် နေ့စဉ်စားသုံးရန် မရှိမဖြစ် လိုအပ်သော လူသုံးကုန်ပစ္စည်းတစ်မျိုးဖြစ်သော ဆား၏အရေးပါမှုကို သိရှိရသဖြင့် ဗဟုသုတများစွာ ရရှိကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပေသည်။ ။

**(မြန်မာ့အလင်း)**

**ကျေးရွာတစ်ရွာ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု**

# ကမ္ဘာတစ်လွှား အားကစား

## ပေါင်သန်း ၇၀ ဈေးခေါ်ထားသည့် တိုက်စစ်မှူး ဒေးဗစ်ဗီလာ

ကိုးကားရေးသားသူ-မောင်မောင်မြင့်ဆွေ

**မက်ဒရစ် မေ ၂၅**

၂၀၀၆-၂၀၀၇ ဘောလုံးရာသီအတွက် ပြည်တွင်းလိဂ် ပြိုင်ပွဲအချို့ ပြီးဆုံးသွားခဲ့ပြီဖြစ်ရာ ဘောလုံးအသင်းကြီးများအနေဖြင့် နောက်နှစ် ဘောလုံးရာသီ၌ မိမိအသင်း အောင်မြင်မှုများ ရရှိနိုင်ရေးအတွက် ဘောလုံးသမားဖြည့်တင်းမှုများ ပြုလုပ်နေပြီဖြစ်သည်။

**ခေါ်ဈေးအမြင့်ဆုံး**

ယခုနှစ် ဘောလုံးရာသီကုန်တွင် ဘောလုံးသမား အပြောင်းအရွှေ့အတွက် ကြေးခေါ်မှု၌ စပိန်ကလပ် ဗလင်စီယာအသင်းမှ တိုက်စစ်မှူး ဒေးဗစ်ဗီလာမှာ ခေါ်ဈေးအမြင့်ဆုံး ဘောလုံးသမားတစ်ဦး ဖြစ်နေသည်။ ဒေးဗစ်ဗီလာကို ဥရောပထိပ်တန်းဘောလုံးကလပ်များမှ လိုချင်လျက်ရှိရာ ဗလင်စီယာအသင်းက ပြောင်းရွှေ့ကြေးအဖြစ် ပေါင်သန်း ၇၀ ဈေးခေါ်ထားသည်။

**လက်တွန့်**

ဒေးဗစ်ဗီလာကို စပိန်ကလပ်များဖြစ်သည့် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့က ခေါ်ယူရန်ကြိုးစားနေသလို ပရီမီယာလိဂ်မှ ချယ်လ်ဆီးအသင်းကလည်း ခေါ်ယူရေး စီစဉ်နေသည်။ သို့သော် ဒေးဗစ်ဗီလာ၏ ပြောင်းရွှေ့ကြေးမှာ များပြားလွန်းနေရာ ခေါ်ယူလိုသောအသင်းများက လက်တွန့်နေကြသည်။

**ဇာရာဂိုဇာသို့ပြောင်း**

ယခုနှစ်အတွက် ကြေးအများဆုံးဖြစ်နေသော ဒေးဗစ်ဗီလာ၏အကြောင်းကို စေ့ငုကြည့်လျှင် စပိန်နိုင်ငံသား ဒေးဗစ်ဗီလာကို ၁၉၈၁ ခုနှစ် ဒီဇင်ဘာ ၃ ရက်၌ မွေးဖွားခဲ့သူဖြစ်ရာ အသက်(၂၆)နှစ်ကျော်ပြီဖြစ်သည်။ ဒေးဗစ်ဗီလာသည် ပထမဆုံး စပို့တင်းဂျီဂျန်အသင်းသို့သွားရောက်ကစားခဲ့ပြီး ၂၀၀၃ ခုနှစ်၌ ရီးရဲဇာရာဂိုဇာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။ ဒေးဗစ်ဗီလာသည် ၂၀၀၃-၂၀၀၄ ခုနှစ်ဘောလုံးရာသီ၌ ဇာရာဂိုဇာအသင်းအတွက် ၃၈ပွဲ ကစားပေးခဲ့ပြီး စုစုပေါင်း ၁၇ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

**ဂိုးများသွင်း**

ထို့အတူ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင်လည်း ဇာရာဂိုဇာအတွက် စပိန်လာလီဂါတွင် ပွဲပေါင်း ၃၀ ကစားပြီး ၁၅ ဂိုးသွင်းယူနိုင်ခဲ့သလို ယူအီးအက်ဖ်အေဖလား ဘောလုံးပွဲ၌လည်း ဇာရာဂိုဇာအတွက် ၁၀ ပွဲကစားပေးပြီး သုံးဂိုးသွင်းယူနိုင်ခဲ့ရာ စုစုပေါင်း ၁၈ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ထိုသို့ ဒေးဗစ်ဗီလာ၏ ဂိုးသွင်းခြေစွမ်း ထက်မြက်မှုကို သဘောကျခဲ့သော ဗလင်စီယာအသင်းက ၂၀၀၄-၂၀၀၅ ဘောလုံးရာသီကုန်၌ ဒေးဗစ်ဗီလာအား ပြောင်းရွှေ့ကြေး ပေါင်ခုနစ်သန်းဖြင့် ခေါ်ယူလိုက်လေသည်။ သို့ဖြင့် ဒေးဗစ်ဗီလာသည် ၂၀၀၅-၂၀၀၆ ရာသီ၌ ဗလင်စီယာတိုက်စစ်မှူး ဖြစ်လာခဲ့သည်။

**စွမ်းဆောင်ပြနိုင်**

ဗလင်စီယာတွင် စတင်ရောက်ရှိကစားသည့် နှစ်မှာပင် လာလီဂါပွဲစဉ်၌ ဗလင်စီယာအတွက် ၃၅ ပွဲကစားပေးခဲ့ပြီး ၂၅ဂိုး သွင်းယူကာ ဂိုးသွင်းခြေစွမ်း ပြနိုင်ခဲ့သဖြင့် ပြိုင်ဘက်တိုက်စစ်မှူးများ အံ့အားသင့်အောင် စွမ်းဆောင်ပြနိုင်ခဲ့သည်။

**ဦးစားပေး**

ထိုကဲ့သို့ ဂိုးသွင်းထက်မြက်မှုကြောင့် ဗလင်စီယာအသင်း၏ ပထမဦးစားပေး ဘောလုံးသမားဖြစ်လာခဲ့သလို ပွဲတိုင်းလည်း ပါဝင်ကစားနိုင်ခဲ့သည်။ ဗလင်စီယာအတွက်လည်း ဂိုးများ အဆက်မပြတ် သွင်းယူပေးနိုင်ခဲ့သည်။

ဒေးဗစ်ဗီလာသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ဗလင်စီယာအတွက် လာလီဂါပွဲစဉ် ၃၂ ပွဲ ကစားပေးခဲ့ပြီး ၁၃ ဂိုး သွင်းယူပေးထားခဲ့ပြီးဖြစ်သလို ချန်ပီယံလိဂ်တွင် ငါးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

**ကမ္ဘာ့ဖလား၌ပါဝင်**

ထို့အတူ စပိန်အသင်းနှင့်၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲ၌ သုံးပွဲပါဝင်ကစားခဲ့ပြီး သုံးဂိုးသွင်းယူနိုင်ခဲ့သည်။ ဒေးဗစ်ဗီလာအနေဖြင့် ယခုနှစ်ဘောလုံးရာသီ၌ ခြေစွမ်းအပြနိုင်ဆုံးပွဲများမှာ လာလီဂါပွဲစဉ်ဖြစ်သည့် ဂျင်နက်စတစ်နှင့်ပွဲတွင် နှစ်ဂိုး၊ ဒီပို့တီဗိုနှင့်ပွဲတွင် နှစ်ဂိုးနှင့် ယူအီးအက်ဖ်အေပွဲ ဖြစ်သည့် ရက်တာဒိုးနက်နှင့် ပွဲတွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သော ပွဲများဖြစ်သည်။ တစ်ဖန် စပိန်အသင်းနှင့် နိုင်ငံတကာချစ်ကြည်ရေးပွဲ ခြောက်ပွဲကစားခဲ့ရာတွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ စပိန်အသင်းတွင်လည်းကောင်း၊ ဗလင်စီယာအသင်းတွင်လည်းကောင်း တိုက်စစ်အားကို အကောင်းဆုံးမြှင့်တင်ပေးနိုင်သည့် တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်သည်။

**ရဲရဲကစားတတ်**

ဒေးဗစ်ဗီလာ၏ အကောင်းဆုံး စွမ်းရည်မှာ ဂိုးသွင်းအဆုံးသတ် သေချာမှုပင်ဖြစ်သည်။ တစ်ဖက်အသင်းနောက်တန်းကို အင်အားပြည့်ထိုးဖောက်ဖြတ်ကျော်ဂိုးသွင်းနိုင်သူတစ်ဦးဖြစ်သည့်အပြင် အဝင်အထွက်ရဲရဲဖြင့် ကစားတတ်သူ တိုက်စစ်မှူးလည်း ဖြစ်သည်။

ယခုအခါ ဗလင်စီယာအသင်းက ဒေးဗစ်ဗီလာကို အလိုရှိနေသောကလပ်များကို ဈေးခေါ်လိုက်ပြီဖြစ်ရာ ဗလင်စီယာတို့ သတ်မှတ်ထားသော ပေါင်သန်း၇၀ မှာ ယခုနှစ်၌ ပြောင်းရွှေ့ကြေးအမြင့်မားဆုံး ဖြစ်နေသည်။ မိမိတို့သည် ဒေးဗစ်ဗီလာအား ရောင်းရန် မရည်ရွယ်ထားကြောင်း၊ အကယ်၍ ၎င်းအားခေါ်ယူလိုလျှင် ပေါင်သန်း ၇၀ ပေးရမည်ဖြစ်ကြောင်း ဗလင်စီယာအသင်း ဥက္ကဋ္ဌ ဂျူအန်ဆိုလာက ပြောကြားရာ ဒေးဗစ်ဗီလာ၏ အနာဂတ်သည် မည်သို့ဖြစ်လာမည်ကို စောင့်ကြည့်ရမည် ဖြစ်ပါကြောင်း။ ။

**(ကိုးကား-အင်တာနက်)**



**ပေါင်သန်း၇၀ ဈေးခေါ်ထားသည့် ဗလင်စီယာတိုက်စစ်မှူး ဒေးဗစ်ဗီလာ။**
(ဓာတ်ပုံ-အင်တာနက်)

ရေးသားသူ
မြင့်မောင်စိုး

## လီဗာပူးကို အကောင်းဆုံး ပြန်လည်ဖွဲ့စည်းမည် အသင်းနည်းပြ ဘင်နီတက်ဇ် ပြောကြား

လန်ဒန် မေ ၂၅

**လီဗာပူးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အေစီမီလန်အသင်းကို ရှုံးနိမ့်ခဲ့သော်လည်း အသင်းကို ချက်ချင်းပြန်လည်ဖွဲ့စည်းမှု စတင်လုပ်ဆောင်သွားရန် အသင်းနည်းပြ ဘင်နီတက်ဇ်က သန္နိဋ္ဌာန်ပြုလိုက်သည်။**

**လီဗာပူးအသင်းမှ ဂျာဗီဒူဒက်နှင့် ရော်ဘီဖောင်လာတို့သည် လီဗာပူးအသင်းနှင့် စာချုပ်ကုန်ဆုံးခဲ့ပြီးနောက် မတ်ဂွန်ဇာလက်နှင့် ဇန်ဒန်းတို့လည်း အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း ဘင်နီတက်ဇ်က ထုတ်ဖော်ပြောကြားလိုက်သည်။**

နာမည်ကြီးများခေါ်မည်

**မိမိအနေဖြင့် နံပါတ်(၁)ဦးစားပေးအဖြစ် နာမည်ကြီး ထိပ်တန်းကစားသမားများကို ခေါ်ယူသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။ အထူးသဖြင့် လီဗာပူးအသင်းသည် ပရီမီယာလိဂ်တွင် မန်ယူနှင့် ချယ်လ်ဆီးတို့နောက်မှ လိုက်နိုင်ခဲ့၍လည်း လာမည့်နှစ် ချန်ပီယံလိဂ်ခြေစစ်ပွဲဝင်ခွင့် ရရှိသွားသည်။**

**မန်ချက်စတာယူနိုက်တက်အသင်းသည် ကွင်းလယ်ကစားသမားတစ်ဦးကို ပေါင်သန်း ၂၀ အကုန်အကျခံ ခေါ်ယူရန်ကြိုးစားနေစဉ် မိမိတို့အနေဖြင့်လည်း တိုက်စစ်မှူးလိုအပ်ချက်အတွက် ပေါင်ရှစ်သန်း၊ ကိုးသန်း သုံးစွဲသွားမည်ဖြစ်ကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။** (အင်တာနက်)

**လီဗာပူးအသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်။**
(ဓာတ်ပုံ-အင်တာနက်)

## ဘာတစ္စတာ အာဆင်နယ်မှ ထွက်ခွာမည်

လန်ဒန် မေ ၂၅

**ရီးရဲမက်ဒရစ်မှ အာဆင်နယ်သို့ အငှားလာရောက်ကစားသော ဘာတစ္စတာအား အမြဲတမ်းကစားသမားအဖြစ် ခေါ်ယူမည်မဟုတ်ကြောင်း အာဆင်နယ်က ဆုံးဖြတ်ချက် ချလိုက်သည်။**

အသက်(၂၅) နှစ်ရှိ ဘရာဇီးကစားသမား ဘာတစ္စတာသည် ယခုနှစ်ရာသီတွင် အာဆင်နယ်အသင်းအတွက် ပွဲပေါင်း ၃၅ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ၁၀ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

၎င်းသည် ပရီမီယာလိဂ်ပွဲ၂၄ပွဲပါဝင်ကစားခဲ့ပြီး သုံးဂိုးသွင်းခဲ့သလို ကားလင်းဖလားတွင် လေးဂိုးသွင်းယူနိုင်ခဲ့သည်။

**အာဆင်နယ်မှထွက်ခွာမည့် ဘာတစ္စတာ။**
(ဓာတ်ပုံ-အင်တာနက်)

**ရီးရဲသို့ပြန်ရမည်**

အာဆင်နယ်က မိမိအား မဝယ်နိုင်သဖြင့် ရီးရဲမက်ဒရစ်သို့ ပြန်ရလိမ့်မည်ဖြစ်ကြောင်း ဘာတစ္စတာက ပြောကြားသည်။

**ရေးယက်နှင့်လဲလှယ်**

ဘာတစ္စတာသည် ရေးယက်နှင့် အလဲအလှယ်လုပ်ပြီး အာဆင်နယ်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ ဘာတစ္စတာအား ၂၀၀၅ခုနှစ် ဇူလိုင်လတွင် ရီးရဲမက်ဒရစ်က ပေါင် ၁၃ဒသမ ၈သန်းဖြင့် ဆီဗီလာမှ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

## အင်တာနက် အားကစားသတင်း အတိုအထွာ

* **ဝီဂန်အသင်းခေါင်းဆောင် မတ်ဂျက်ဆင်အား ဝက်ဖို့ဒ်အသင်းက ခေါ်ယူစာချုပ်လိုက်သည်။**

* ဒဏ်ရာရထားသော ဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်သည် လာမည့်လတွင်ကစားမည့် ယူရို ၂၀၀၈ ခြေစစ်ပွဲ နှစ်ပွဲနှင့်လွဲမည်ဟု ၎င်းအသင်းက ပြောကြားလိုက်သည်။

* **ပြင်သစ်အသင်းသည် လာမည့်လတွင် ယူရို ၂၀၀၈ခြေစစ်ပွဲအဖြစ် ယူကရိန်းနှင့် ဂျော်ဂျီယာအသင်းများနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ တိုက်စစ်မှူးထရက်ဇီဂေး ပါဝင်မည်မဟုတ်ဘဲ လူသစ်သုံးဦး ပါဝင်မည်ဖြစ်ကြောင်း နည်းပြ ရေးမွန်ဒိုမီနက်က ပြောကြားသည်။**

(အင်တာနက်)

## မိုက်ကယ်အိုဝင် အင်္ဂလန်(ခ)အသင်း၌ ကစားမည်

**လန်ဒန် မေ ၂၅**

အင်္ဂလန်(ခ)အသင်းနှင့် အယ်လ်ဘေးနီးယားအသင်းတို့ ကစားမည့်ပွဲတွင် မိုက်ကယ်အိုဝင်အား ရွေးချယ်ထားသည်။

**ဒဏ်ရာရခဲ့**

အသက် (၂၇) နှစ်ရှိ အိုဝင်သည် ကမ္ဘာ့ဖလားတွင် ဒဏ်ရာရခဲ့ပြီးနောက် အင်္ဂလန်အသင်းနှင့် ဝေးခဲ့ရသည်။

အင်္ဂလန်နည်းပြ မက္ကလာရင်က မိမိအနေဖြင့် မိုက်ကယ်အိုဝင်အား ခေါ်ယူကစားရန် အကြိမ်ပေါင်းများစွာ လွဲခဲ့ရကြောင်း၊ ၎င်းသည် ဒဏ်ရာရမှုများကြောင့် နစ်နာဆုံးရှုံးခဲ့ရကြောင်း မက္ကလာရင်က ပြောကြားသည်။

နယူးကာဆယ်တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် မန်ယူတိုက်စစ်မှူး အလန်စမစ်နှင့် တွဲဖက်ကစားလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**လေ့ကျင့်နေ**

မိုက်ကယ်အိုဝင်သည် အဆိုပါပြိုင်ပွဲတွင် အင်္ဂလန်အသင်း၌ ပါဝင်ကစားရန် မေ ၂၄ရက်က လေ့ကျင့်နေပြီဖြစ်သည်။ **(အင်တာနက်)**



**မိုက်ကယ်အိုဝင်**

**အင်္ဂလန်အသင်း တိုက်စစ်မှူး မိုက်ကယ်အိုဝင်။**
(ဓာတ်ပုံ-အင်တာနက်)

## နှစ်ထပ်တိုက် လုံးချင်း ရောင်းမည်
### (စီးပွားရေးလုပ်ရန်နေရာကောင်း)

လသာမြို့နယ်၊ ကမ်းနားလမ်းမပေါ်ရှိ (20' x 140') မြေပိုင် (အမည်ပေါက်) ရေ+မီး+ဖုန်း(ပါဝါမီတာတစ်လုံး၊ ရိုးရိုးမီတာ နှစ်လုံး) နှစ်ထပ်လုံးချင်း အမြန်ရောင်းမည်။

**ဖုန်း–၃၇၁၄၅၄၊ ၀၉–၈၀–၂၀၄၉၇။**

## မင်္ဂလာဦးဆွမ်းကျွေးညှော်ခံပွဲ ကျေးဇူးတင်လွှာ

မြင်းခြံမြို့နယ်၊ သဘော်တင်ရွာနေ
ဦးမွေး–ဒေါ်သိန်းခင်တို့၏သား

**ဗိုလ်မှူးကြီးခင်အောင် B.E (Electrical Power)**

နှင့်

သရက်မြို့၊ ရွှေဘုံသာရပ်ကွက်၊ သတ္တဌာနဘုရားလမ်းနေ
ဦးမြဟန်(လက်ထောက်စက်ရုံမှူး၊ငြိမ်း)–ဒေါ်ခင်နု(မူလတန်းပြ၊ငြိမ်း)
တို့၏သမီး

**ဒုရဲအုပ်နုနုဟန် B.A (Geography)**

**သရက်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး**

တို့၏ ၂၉–၄–၂၀၀၇ရက် (တနင်္ဂနွေနေ့)တွင် သရက်မြို့ အောင်မင်္ဂလာစာသင်တိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက် နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်မှူးကြီးခင်အောင်–ဒုရဲအုပ်နုနုဟန်။**

## ကံမြင့်ကျောင်း တိပိဋကဓရ ပူဇော်ပွဲနှင့် အုတ်တံတိုင်းရေစက်ချပွဲ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက်ဓမ္မာရုံကြီးတွင် တိပိဋကဓရ ဆရာတော်ကြီး သုံးပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီး နှစ်ပါး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ငါးပါး ပူဇော်ပွဲနှင့် ကံမြင့်ကျောင်းအုတ်တံတိုင်း ရေစက်ချပွဲကို ၂၀၀၇ခုနှစ် မေ ၂၇ရက် နံနက် ၅နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ကြွရောက် ကြည်ညိုပူဇော်ကြပါရန်ဖိတ်ကြားအပ်ပါသည်။ အုတ်တံတိုင်းအလှူရှင်များအား သီးခြားဖိတ်စာပေးပို့ခြင်းမရှိပါ။ ဤဖိတ်ကြားလွှာနှင့်အတူ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။


၁၁/၂၀၀၅ တဆာသာလ တိုး (၄၄)

မော...မောလွန်းရင်
**အဝေရာ**
အမောလုံးနှလုံးအားတိုးဆေး ကို သုံးပါကွယ်


## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ($22X^2$)၊ မြေကွက်အမှတ် ၁၀၀၊ မြေအကျယ် ၀ ဒသမ ၀၃၀ ဧက နှစ် ၆၀မြေငှားဂရန်မြေမျိုး၊ မြေအမည်ပေါက် ဒေါ်တင်မာဝေ ၁၂/လမတ(နိုင်)၀၂၃၉၄၁၊ ဒေါ်နွဲ့နွဲ့ဝေ ၁၂/လမတ(နိုင်)၀၁၃၉၃၄ မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၂၉၊ ၆လမ်း၊ (၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်မှ တိုက်ဟောင်းအား MOTHERLAND GROUP CONSTRUCTION Co., Ltd. မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် တိုက်ဟောင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကျော်လွန်ပါက မြေနှင့်တိုက်ဟောင်း အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးမြသောင်း**
**အထွေထွေမန်နေဂျာ**
**MOTHERLAND GROUP CONSTRUCTION Co., Ltd.**
**အမှတ် ၄၅၃၊ သိမ်ဖြူလမ်း၊ ကန်/တောင်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

## ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မုံရွာမြို့၊ အောင်ချမ်းသာမြို့သစ်၊ အားသစ်လမ်းနေ
ဦးခင်မောင်ဦး–ဒေါ်တင်တင်နု (အားသစ်ဗလ မွေးမြူရေးအစာဆိုင်)တို့၏သားငယ်

**မောင်မျိုးဇော်ဦး B.A (Economics)**

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့သစ်၊ (က/၄)လမ်း၊ အမှတ် ၂၃၂ နေ
ဦးသန်းဝင်း–ဒေါ်သန်းသန်းမြင့်တို့၏သမီးဦး

**မအိအိဖြိုး Second Years (Economics)**

တို့သည် ၂၂–၅–၂၀၀၇ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့၌ ခေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်မောင်မျိုးဇော်ဦး–မအိအိဖြိုး။**


O.B.F Language School
**SAYA-TONY**
အင်္ဂလိပ်စကားပြန်ဟောင်း
ဘာသာပြန်ဆရာ(SHELL)
**IELTS**
- Spoken English Course
- Grammar & Essay Writing Course
- All Round Development (4 Skills)
- Foreign Going English Course

အမှတ်(၉၁)၊ပထမထပ်၊ ဗိုလ်ဆွန်ပက်လမ်း(မောင်ထော်လေးလမ်း)၊ အောက်ဘလောက်၊ပန်းဘဲတန်းမြို့နယ်။ ဖုန်း–၂၅၀၃၄၀


## အမည်ပြောင်း

အဖ ဦးစိန်ထွန်း၏သား အထက (၁) လှည်းကူး ဆဋ္ဌမတန်း (B) မှ မောင်သန့်ဇင်အောင်အား မောင်သန့်ဇင်မောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သန့်ဇင်မောင်။**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်သူ၏နိုင်ငံကူးစာအုပ် အမှတ်–၅၂၈၆၄၀ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။ **ကျော်သူ**
**ဖုန်း–၃၈၇၅၆၅။**


**NAING Group Home Decoration Center**
စိတ်ကြည်နူးစရာကောင်းသော နေထိုင်မှုအတွက် ပြီးပြည့်စုံသောဝန်ဆောင်မှုများဖြင့်
လူကြီးမင်းတို့၏စိတ်ကူးဆန္ဒထက်သာလွန်အောင် တာဝန်ယူ အလှဆင်ပေးနေပါပြီ။
5% Discount
"လုပခမ်းနားမှုတို့စုဝေးရာ NAING Group Home Decoration Center"
ရန်ကုန် ➢ အမှတ်(၁၁၇/၁၂၇)၊ ၃၃လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်။ Ph:951-248082, 383658, 381707 Fax: 373759
ပျဉ်းမနား ➢ အမှတ်(၁/၆ခ)၊ ဗိုလ်တောက်ထိန်လမ်း၊ မြို့မဈေးအနီး(ချယ်ရီဦး)။ Ph: 067-21454
မန္တလေး ➢ တိုက်$B_2$ အခန်းအမှတ်(၃)၊ ၃၂လမ်း၊ ၇၇x၇၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။ Ph: 02-89173


## ဖခင်အမည်မှန်

ကျွန်တော် ၁၂/သခန(နိုင်)၁၀၁၃၁၅ ကိုင်ဆောင်သူ မောင်မင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးဟံထွန်း ၁၂/သခန(နိုင်)၀၂၆၇၂၇ ဖြစ်ပါသည်။ **ဦးဟံထွန်း။**

## အမည်ပြောင်း

ဦးဖုန်းဇော်၏သမီး လှိုင်သာယာ အထက(၃) တက္ကသိုလ်ဝင်တန်း(F)မှ မဖြိုးဖြိုးမော်အား မငြိမ်းအေးမော်ဟု ပြောင်းလဲခေါ်ပါရန်။
**မငြိမ်းအေးမော်။**


**ဦးအောင်ဝင်း**
(ရွှေတံဆိပ်ဆုရှင် - လန်ဒန်)
LCCIသင်တန်းများJune 16(စနေနေ့)စမည်။
ခုံနံပါတ်ကြိုတင်ယူထားနိုင်သည်။
အမှတ်(၂၉၀)၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း(အထက်)
ဖုန်း - ၃၇၁၇၄၃၊ ၃၉၁၁၀၂


## အမျိုးသမီးဆရာဝန်များအဖွဲ့ ကျန်းမာရေးပညာပေးဟောပြောမည်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူး၍ **"အမျိုးသမီးများတွင် ဖြစ်ပွားလေ့ရှိသော သားအိမ်ခေါင်းကင်ဆာအကြောင်း သိကောင်းဆရာများ"** ခေါင်းစဉ်ဖြင့် ကျန်းမာရေးပညာပေးဟောပြောပွဲကို မေ ၂၆ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအခမဲ့ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဝူရှူးလူငယ် ဆန်းဆိုပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အသက် ၁၈နှစ်နှင့်အောက် လူငယ်ဆန်းဆိုပြိုင်ပွဲနှင့် ဆုပေးပွဲကို မေ ၂၂ရက် နံနက် ၁၁နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

### ဆုပေးပွဲ

ရှေးဦးစွာ ကီလိုတန်းအလိုက် အမျိုးသား၊ အမျိုးသမီး ဗိုလ်လုပွဲစဉ်များကိုကျင်းပပြီး ဆုပေးပွဲကိုဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်ကျော်နှင့် ဦးတင့်နိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းတို့က အမျိုးသားပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

### ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အသက် ၁၈နှစ်အောက် အမျိုးသမီးပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူများအားလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အသက် ၁၈နှစ်အောက်အမျိုးသားပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၇ခုနှစ် မေလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၇–၅–၂၀၀၇)ရက်နေ့**
**၂၀၀၇ခုနှစ် ဇွန်လအတွက် (၁၀–၆–၂၀၀၇)ရက်နေ့ နှင့် (၂၄–၆–၂၀၀၇)ရက်နေ့**

## ပဲခူးတိုင်း မုန်းမြို့နယ်၌သောင်းကျန်းသူများထောင်ထားသည့်မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦးခြေထောက်ပြတ်ဒဏ်ရာရရှိ

**ရန်ကုန် မေ ၂၅**

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ထုံးတောကျေးရွာနေ မနီနီစောသည် မေ ၂၀ရက်တွင် မုန်းမြို့ အရှေ့တောင်ဘက် ခုနစ်မိုင်ခန့်အကွာ တောထဲ၌အင်ဥသွားကောက်စဉ် သောင်းကျန်းသူများထောင်ထားသော မိုင်းနင်းမိပေါက်ကွဲသဖြင့် မနီနီစော၏ လက်ဝဲခြေမျက်စိအထက် ပြတ်ပြီး လက်ယာခြေမျက်စိအထက် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သောကြောင့် မုန်းတိုက်နယ်ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသမီးရေးရာ သိကောင်းစရာနှင့် ကျန်းမာရေးဆွေးနွေး

လှိုင်ကော် မေ ၁၄

**ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်တင်တင်ကြည်နှင့် ဥက္ကဋ္ဌ ဒေါ်အုန်းရင်တို့သည် မေ ၅ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ သူနာပြုသင်တန်းကျောင်း၌ ကျင်းပသော အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာ၊ ဥပဒေရေးရာနှင့် ကျန်းမာရေးဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ဥပဒေရေးရာ၊ကျန်းမာရေးရာတို့နှင့် ပတ်သက်၍အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်သန္တာရှင်နှင့်ဒေါ်နီနီဝင်း (စာရေးဆရာမ မဟူရာ-လှိုင်ကော်)တို့က ဟောပြောဆွေးနွေးကြပြီး သူနာပြုသင်တန်းကျောင်းသူများ၏ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၃၉ စောင်ကို သူနာပြုသင်တန်းကျောင်းအုပ် ဒေါ်တင်တင်အေးက ပေးအပ်ရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက က လက်ခံယူသည်။

ထို့နောက် ပြည်နယ်နာယကနှင့် ဥက္ကဋ္ဌတို့သည် ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးခန်းမဆောင်၌ ကျင်းပသော အမျိုးသမီးရေးရာအဖွဲ့ အကြိုညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ဆက်လက်၍ ပြည်နယ်နာယကနှင့် ဥက္ကဋ္ဌတို့သည် အဖွဲ့ဝင်များ လိုက်ပါလျက် လှိုင်ကော်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ သွားရောက်ပြီး သင်တန်းသူများ၏ အပ်ချုပ်စက် ချုပ်နေမှု၊ ဇာထိုး၊ ပန်းထိုး သင်ယူနေမှု၊ ကြိမ်ထိုးနေမှုနှင့် သင်တန်းသူများ၏ အိပ်ဆောင်များသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# မြို့နယ် သတင်းများ

# နွေရာသီ အခြေခံယဉ်ကျေးမှု သင်တန်းဆင်း ဘာသာရပ်အလိုက် ဆုရသူများအား ဆုချီးမြှင့်

**တောင်ငူ မေ ၁၉**

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအခြေခံ ယဉ်ကျေးမှု သင်တန်းဆင်းပွဲကို မေ ၄ရက် နံနက် ၉နာရီက တောင်ငူမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း နတ်သျှင်နောင်ခန်းမ၌ကျင်းပရာ တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေအေးက သင်တန်းဆင်း အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

<u>**ဂုဏ်ပြုလက်ဆောင်**</u>

ဆက်လက်၍ သင်တန်းတွင် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား ဘာသာရပ်အလိုက်တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေအေးက သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ရေထွက်ဦး ရေကာတာ တည်ဆောက်ခြင်းလုပ်ငန်းကို ဧပြီ ၄ ရက်က အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) တို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ် စည်ပင်)

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြလမ်း၊ တံတားကောင်းမွန်ရေးအတွက် မြတ်လေးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဧပြီ ၂၇ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

# ရာစုမှူးများတာဝန်ပေးအပ်ပွဲ လယ်ဝေး၌ ကျင်းပ

လယ်ဝေး မေ ၁၄

**ပျဉ်းမနားခရိုင် လယ်ဝေးမြို့ အမှတ် (၁)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရာစုမှူးများ တာဝန်ပေးအပ်ပွဲကို ဧပြီ၂၉ရက် နံနက် ၁၀ နာရီက အမှတ်(၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။**

<u>**ရည်ရွယ်ချက်**</u>

အခမ်းအနားတွင်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးခင်မောင်ဌေးက အမှာစကား ပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးဌေးဝင်းက ရာစုမှူးများတာဝန်ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

<u>**တာဝန်ပေးအပ်**</u>

ထို့နောက် အမှတ်(၁) ရပ်ကွက် အသင်းဝင် ၁၀၀၀တို့၏ အဆိုပြုလွှာများကို ရပ်ကွက်စည်းရုံးရေးမှူး ဦးကိုကြီးက မြို့နယ် အလုပ်အမှုဆောင်နယ်မြေတာဝန်ခံ ဦးသိန်းလွင်သို့လည်းကောင်း၊ ခရိုင်အသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးက ရာစုမှူး တာဝန်ပေးအပ်လွှာများကို ရပ်ကွက်စည်းရုံးရေးမှူး ဦးကိုကြီးသို့လည်းကောင်း ပေးအပ်ကြသည်။

<u>**ကျင်းပ**</u>

အလားတူ ရာစုမှူးများ တာဝန်ပေးအပ်ပွဲကို အမှတ်(၆)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်တို့တွင် ကျင်းပခဲ့သည်။ **(က-ပ)**

# ကြက်ငှက်တုပ်ကွေးကာကွယ်ရေး ပစ္စည်းများပေးအပ်

**ရွှေတောင် မေ ၁၆**

ရွှေတောင်မြို့နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်တားဆီးကာကွယ်ရေး ကော်မတီအနေဖြင့် ရောဂါကူးစက်မှု မဖြစ်ပွားစေရေးစီမံချက်ကို အကောင်အထည်ဖော်လျက်ရှိရာ မေ ၁၁ ရက် နံနက် ၈ နာရီက မြို့မဈေး တာဝန်ခံရုံး၌ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဝင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးအရာရှိ ဦးခင်မောင်၊ ခေတ္တမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ဝါဝါမြင့်နှင့် ကော်မတီဝင်များက ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးပစ္စည်းတို့ကို ဖြန့်ဝေပေးကြသည်။ **(အပေါ်ပုံ)**

<u>**ဖြန့်ဝေပေး**</u>

ထို့နောက် ယင်းအဖွဲ့သည် ဈေးအတွင်းစစ်ဆေးပြီး ကြော်ငြာပိုစတာများကပ်၍ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြင်းခြံမြို့နယ်၌ ကျေးလက်စက်ရေတွင်းများ စဉ်ဆက်မပြတ် စစ်ဆေးထိန်းသိမ်းဆောင်ရွက်

**မြင်းခြံ မေ ၁၅**

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်သည် မေ ၂ ရက်က ကျောက်ရုံကျေးရွာသို့သွားရောက်၍ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းများ စစ်ဆေး ထိန်းသိမ်းဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးရာ ကျေးရွာ ရေကော်မတီနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

မြင်းခြံမြို့နယ်အတွင်း ကျေးလက်ရေရရှိရေး ၁၀ နှစ်စီမံကိန်းအရ ဆောင်ရွက်ပေးရမည့် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ယခုအခါ ကျေးရွာ ၁၂၅ ရွာတွင် စက်ရေတွင်း ၁၇၀ ကို နေ့စဉ်သုံးစွဲလျက်ရှိသည်။ ၎င်းစက်ရေတွင်းများ ရေရှည် အသုံးပြုနိုင်ရန်အတွက် အဖွဲ့စက်မှုအင်ဂျင်နီယာများက စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးကာ ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိသည်။**(အောက်ပုံ)**

**(မြို့နယ် စည်ပင်)**

# တောင်းခမ်းလမ်း ကတ္တရာခင်း

**နောင်ချို မေ ၁၄**

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကတ္တရာလမ်းဖြစ်ရေး စီမံချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ကတ္တရာလမ်းများအနက် တောင်းခမ်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၁ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ဘိုဘိုတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**(မြို့နယ် စည်ပင်)**

# မြန်မာ့အသံ နားဆင်စရာ

**၁၃၆၉ ခုနှစ် နယုန်လဆန်း ၁၂ ရက်**
**၂၇-၅-၂၀၀၇ (တနင်္ဂနွေနေ့)**

<u>**နံနက်ပိုင်း**</u>

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

<u>**နေ့လယ်ပိုင်း**</u>

၁၀:၀၀ သုတစုံစွာသိမှတ်စရာ (လူတွေလပေါ်ကိုတစ်ကျော့ပြန်တက်ကြဖို့ကြံစည်နေကြသည့်အကြောင်း) (သိပ္ပံမှူးတင်)

၁၁:၁၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုး (ပဲခူးတိုင်း သနပ်ပင်မြို့နယ်က ဘဲသားပေါက်လုပ်ငန်းနှင့် ဘဲမွေးမြူရေးလုပ်ငန်း)

၁၁:၃၀ မေတို့တွက်တာအလှကမ္ဘာ (အရောင်အသွေး စုံလင်စွာ ချည်သားအစစ်ပေါ်မှာ)

၁၁:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဘယ်တော့မှ မောင့်ကိုမမုန်း (ခင်နှင်းသက်)
(၂) ဝေးတစ်မြေခြားသူရယ် (ကိုမြကြီး)
(၃) မေတ္တာအသည်းပန်း (အေဝမ်းတင်တင်လှ)

၁၂:၀၀ ကလေးများအတွက် တေးသီချင်းများ

၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အလှဆင်ပေးသူ)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (သမီးလိမ္မာမှတ်စရာ-ခင်မောင်လွင်-မြန်မာစာ)

<u>**ညနေပိုင်း**</u>

၁၆:၁၀ နေ့စဉ်သုံး အီဒီယမ်

၁၆:၂၀ မေးကြည့်ဖြေကြည့် အေအိုင်ဒီအက်စ်ပဟေဠိ

၁၇:၀၀ ပြိုးပဒေသာ

၁၇:၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ဇေယျာရွှေမြေ-ဦးဇော်မိုးကျော်)

၁၇:၃၀ ညွှန်းဖွဲ့သီရေး သူ့အလှည့်တေး (စန္ဒရားလှထွဋ်)

၁၉:၁၅ တေးချစ်သူရွေးသီ တေးပန်းချီ (သံသာဝင်း)

၂၀:၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)

၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဘယ်အတွက်ကြောင့်မုန်း (မေမြို့ ခင်မောင်မြင့်)
(၂) အိမ်ပြန်တော့မယ် (နီနီ)
(၃) ချစ်သူသည်သာ (ကိုရဲဝင်း)

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်သုဓမ္မာရာမ ပရိယတ္တိစာသင်တိုက်အတွင်း ပြန်လည်ပြုပြင်နေသော သုဝဏ္ဏဝတီသုံးထပ်ရွှေကျောင်းတော်ကြီးအတွက် ဦးစံလုနှင့်သား မောင်အောင်မြတ်ခိုင်၊ မောင်နေစန်းခိုင် တို့အားရည်စူး၍ မိခင်ကြီး ဒေါ်အုန်းမြင့်နှင့်သား

မောင်အောင်မြတ်ခိုင်၊ သမီး မသင်းသင်းဦးတို့က ပထမအကြိမ် ငွေကျပ် သိန်း ၂၀ လှူဒါန်းပြီး ဒုတိယအကြိမ် ငွေကျပ် ၁၀ သိန်း တို့ကို ပဓာနဆရာတော် ဦးဥတ္တမသာရအား ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာဆင့်ပွား သင်တန်းဆင်း

မော်လမြိုင်ကျွန်း မေ ၂၀

**မော်လမြိုင်ကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ပုညကာရီပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ(ဆင့်ပွား)သင်တန်းဆင်းပွဲကို မေ ၁၅ ရက် နံနက် ၈ နာရီက ပုညကာရီပရိယတ္တိ စာသင်တိုက်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပုညကာရီပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာဂရ(ဂန္ထဝါစကပဏ္ဍိတ)က ဩဝါဒကထာမိန့်ကြားပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကိုကိုလွင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

## ဆုပေးအပ်ချီးမြှင့်

ထို့နောက် သင်တန်းသို့ တက်ရောက်ခဲ့ကြသော သင်တန်းသူ၊သင်တန်းသား ၁၅၀ တို့အား သင်တန်းဆင်း လက်မှတ်များကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးကိုကိုလွင်**(အပေါ်ပုံ)**က ပေးအပ်ပြီး သင်တန်းတွင် ဆုရရှိသူ ၁၂ ဦးတို့အား မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ဂေါပကအဖွဲ့ဝင်များက ဆုပေးအပ်ချီးမြှင့်ကြသည်။ **(ဝ၉၇)**

# ယင်းမာပင်မြို့နယ် ပြန်/ဆက် ဦးစီးဌာန နွေရာသီ ကွန်ပျူတာအခြေခံ သင်တန်းဖွင့်

**ယင်းမာပင် မေ ၂၄**

ယင်းမာပင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ ပညာ့အလင်း ခေတ်မီစာကြည့်တိုက်၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သင်တန်းကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် နွေရာသီကွန်ပျူတာအခြေခံ သင်တန်း အမှတ်စဉ် (၁/၂၀၀၇) သင်တန်း ဖွင့်ပွဲကို ဧပြီ ၂၅ ရက်က ကျင်းပရာ သင်တန်းသား၊ သင်တန်းသူ ၂၇ ဦး တက်ရောက်ကြပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီပြုံးနှင့် အဖွဲ့တို့ လာရောက်ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းကို ဧပြီ ၂၅ ရက်မှ မေ ၂၄ ရက်အထိ ပို့ချကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူးသည့် တစ်လကြာ စက်ချုပ်သင်တန်းဖွင့်လှစ် သင်ကြားမှုများကို မေ ၅ ရက်က မိုးညှင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အေး ကြည့်ရှု၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးစဉ်။** (၁၅၂)

# ကလော လမ်းလယ်ကျွန်းရှိ သစ်သားပန်းစင်များ လဲလှယ် ဆေးသုတ်

**ကလော မေ ၁၀**

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်းလယ်ကျွန်းရှိ ဟောင်းနွမ်းဆွေးမြည့်နေသော သစ်သားပန်းစင်များ လဲလှယ်၊ ဆေးသုတ်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဧပြီ ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့် ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်သိန်းသိန်းတင့်က လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

# ကြေးပိဋကတ်တော် ဓာတုကထာကျမ်းအတွက် ငွေများလှူဒါန်း

**ရန်ကုန် မေ ၂၅**

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင် တတိယအုပ် ဓာတုကထာကျမ်းအတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့ လှိုင်မြို့နယ် (၄)ရပ်ကွက် အေးရိပ်မွန်အိမ်ရာ ၁ လမ်း တိုက် ၂၂/၈ နေ မြန်မာကိုင်ဒိုကုမ္ပဏီ လီမိတက်မှ ဦးဇော်ညွန့်ဦး-ဒေါ်မေမြတ်ကြူတို့က (ကိုး)နှစ်မြောက် မင်္ဂလာအထိမ်းအမှတ်အဖြစ် ကြေးပြား ၁၀ ချပ်၊ ရွှေပြည်သာမြို့သစ် ၁၆ ရပ်ကွက် တော်ဝင်လမ်းသွယ် ၇ အမှတ် (၁၁၁) နေ ဦးဝင်းကြည်-ဒေါ်သန်းသန်းအေး၊ ဦးညီခိုင်၊ သမီး ဒေါ်သန်းရှိန်တို့အား ရည်စူး၍ ရန်ကင်းမြို့နယ် ကျောက်ကုန်း ဘိုးရာဇာလမ်း အမှတ်(၃၃)နေ ဦးကြည်ဝင်း၊ ဦးသန်းထွင့်-ဒေါ်ချိုချို၊ သမီး မမီမီချိုသန်း၊ မမေသူချို၊ ဗိုလ်တထောင်မြို့နယ် ၄၆ လမ်း အမှတ်(၁၆၄)(City Star Co., Ltd.)မှ အောင်သျှန်ဦး၊ အာကာအေးကျော်၊ အောင်ရဲကျော်တို့က ကြေးပြားငါးချပ်စီ၊ ဦးရွှေသာအား ရည်စူး၍ လမ်းမတော်မြို့နယ် လမ်းသစ် ရိပ်သာရပ်ကွက် အမှတ် (၁၁) အခန်း ၁၇နေ ဒေါ်လှရင်၊ အရှေ့ရန်ကင်း ရန်ကင်းလမ်းသွယ် ၃ လမ်း တိုက် ၁ အခန်း ၃ နေ ဦးခင်မောင်လွင်-ဒေါ်စိန်ဦးခိုင်နှင့်သား မောင်သက်ညီညီဇော်မိသားစုက ကြေးပြားသုံးချပ်စီ၊ ကျောက်တံတားမြို့နယ် ၃၉ လမ်း အမှတ် (၁၁၀) ပထမထပ်နေ ဒေါ်မြအုံး၊ ဦးကျော်ညွန့်၊ ဦးကျော်စိန်မောင်နှမတစ်စုက ကြေးပြား နှစ်ချပ်၊ လမ်းမတော်မြို့နယ် လမ်းမတော်လမ်း အမှတ် (၅၇) ပထမထပ်(ဝဲ)နေ ဗိုလ်မှူးစိုးအောင်အား ရည်စူး၍ ဒေါ်ဝင်းကြည်မိသားစု၊ ကျန်းမာရေးဝန်ကြီး ဌာနမှ ဗိုလ်မှူးကြီးသန်းအောင်-ဒေါ်အေးချစ်ကျော်၊ ပြည်မြို့ အကျဉ်းဦးစီးဌာနမှ ဦးဝင်းဆန်း-ဒေါ်သိင်္ဂီချစ်ကျော်၊ စမ်းချောင်းမြို့နယ် ပုသိမ်လမ်း အမှတ် (၂၇) ဘီ/၃ နေ ဒေါ်ခင်သန်းနွယ်၊ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း အမှတ် (၃၄၃) နေဖခင် ဦးထွန်းအေးအား ရည်စူး၍ မိခင် ဒေါ်ခင်မြင့်အား အမှူးထားလျက် သမီး ဒေါ်ခင်ခင်ဆွေ၊ တပ်ကုန်း မြို့နေ ဦးကျောက်စိမ်း ဒေါ်သန်းရင်၊ စမ်းချောင်းမြို့နယ် ရှင်စောပုဘုရားလမ်း အမှတ် (၁၈)၊ လေးလွှာနေ ဦးအောင်ထွန်းလှ-ဒေါ်တင်ရွှေ၊ လမ်းမတော်မြို့နယ် (၉) ရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ် ၇၈၈/ အေ+ဘီနေ ဦးဘကြည်-ဒေါ်ခင်အုန်းရီ၊ လသာမြို့နယ် အမှတ်(၇)ရပ်ကွက် ၂၂ လမ်း၊ အမှတ် (၁၀၆) နေ ဦးမင်းအောင်-ဒေါ်ခင်သိန်းမိသားစုက မြေးမစုခင်လေးထွန်း၏ ငါးနှစ်မြောက်မွေးနေ့အတွက် ကြေးပြားတစ်ချပ်စီ လှူဒါန်းခဲ့ကြသည်။

## လှူဒါန်းနိုင်

အလှူရှင်များသည် ဖုန်း-၅၄၈၈၀၅၊ ၀၉-၅၁-၉၅၂၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# အမြို့မြို့ အနယ်နယ် သတင်းများ

# ဟသ်ာတ၌ အုပ်ချုပ်မှုစွမ်းရည်ဆိုင်ရာ သင်တန်းဖွင့်

**ဟသ်ာတ ဧပြီ ၂၀**

ဟသ်ာတခရိုင် ခြောက်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အုပ်ချုပ်မှုစွမ်းရည်ဆိုင်ရာ သင်တန်းဖွင့်ပွဲကို မတ် ၂၉ ရက် နံနက် ၈ နာရီက ဟသ်ာတမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းပြည်ထောင်စုခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်တင်က အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

## တက်ရောက်

အခမ်းအနားသို့ ခရိုင်အတွင်းရှိ မြို့နယ်များ၊ ဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား ၆၅ ဦး တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

**မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွန်စေတီ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် မေ ၁၂ ရက်က အလှူရှင် ဦးညွန့်ဝေ-ဒေါ်အေးသိန်း (ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ) မိသားစုက ငွေကျပ် တစ်သိန်း ငါးသောင်းကို ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။** (၁၆၈)

**Suntac Technologies Co., Ltd.**

**ဘူမိအင်ဂျင်နီယာဌာနမှ ဖွင့်လှစ်ပို့ချမည့် သင်တန်းများ**

1) Geotechnical Investigation
- Basic and Advance (Field & Lab Test)

2) Geophysics

* **2007 ခုနှစ် June လဆန်းတွင်စတင် ဖွင့်လှစ်မည်။**

➢ **စုံစမ်းရန်** Ph: 652245, 652287, 652310, ext: 103
(R 12/ Bldg (5), Myanmar Infotech, Hlaing T/S.)

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့ နောင်နွန်းကွက်သစ်နေ အဖဦးအားဟူ၏သားဖြစ်သူမောင်အိုင်ဆိုင် (ခ)လုဝင်း ၁၃/ကတန(နိုင်) ၀၄၄၉၈၀ ကိုင်ဆောင်သူသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ပြောင်းလဲခေါ်ပါရန်

ဦးထွန်းထွန်းဦး–ဒေါ်ခင်မူစိုးတို့၏ သမီး အထက(၄) နဝမတန်းအောင်မှ မနွေးနွေးထွန်း(ခ) မစုရည်ထွန်းအား မဖြူသီရိထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မဖြူသီရိထွန်း။**

### မိဘအမည်မှန်

ကျိုင်းတုံမြို့ အထက(၄) တက္ကသိုလ်ဝင်တန်းမှ မောင်ကောင်းပြည့်ဖော် ၏ မိဘအမည်မှန်မှာဦးမောင်ထွန်း–ဒေါ်မာဘူ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တာချီလိတ် အထက ဆဋ္ဌမတန်းမှ မနွေရတနာ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆–၃–၁၉၉၆ရက်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမောင်ချိုဖြစ်ပါကြောင်း။

**မင်းသိင်္ခ**

**များသားချောင်းက ရေမြောကမ်းတင်**

**အောင်ဗဒင်**

စာမူခွင့်ပြုချက် ၅၀၀၄၈၇၀၅၀၇

မျက်ပွင့်စာပေ ဖုန်း–၇၀၀၅၇၉ မရမ်းတလင်းစာပေဖုန်း–၅၄၃၂၉၇

### အမည်ပြောင်း

မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက် ရွှေနှင်းဆီလမ်း အမှတ် (၃၆၄–က)နေ ဗိုလ်မှူး စိုးချစ်ခင်(ရေ)၏သား စိုင်းကောင်းကောင်းအား စိုင်းကောင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

### အမည်ပြောင်း

ညောင်တုန်းမြို့အထက(၂) Grade (3)မှ ဦးအောင်ခိုင်၏ သမီးမဆုမြတ်ပြည့်စုံအား မဆုရတနာထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မဆုရတနာထက်။**

**M.A.E Education Centre**

WELCOME ALL ENQUIRES

**Courses :**

- I.E.L.T.S REGULAR (Start:10th JUNE)
- FOUNDATION (Start:16th JUNE)
- PREPARE COURSE
- G.C.E "O" LEVEL

ENROLL NOW !

Asia Plaza,Room-535,Bogyoke Aung San Road,Yangon.
Tel : 705158, (391106 / 391071 Ext:822)

### ငှားမည်

လှိုင်သာယာမြို့နယ် လမ်းဆုံအဝိုင်း အနီး ရန်ကုန်–ပုသိမ်လမ်းမပေါ် မြေ ၃ဒသမ ၂၅ဧက ၅၀'x၉၀' သုံးထပ်တိုက်တစ်လုံး၊ ၄၀'x၆၀' တစ်ထပ်တိုက်တစ်လုံး ရေမီးစုံ။

**ဖုန်း–၀၉–၅၁–၅၉၈၉၂။**

### အမည်ပြောင်း

အဖ ဦးမြင့်ဇော်၏သမီးအမှတ်(၁၄) မူလတန်း(လွန်)ကျောင်း၊ ဒဂုံ(မြောက်) တတိယတန်း(က)မှ မကေခိုင်မြင့်ဇော်အား မကျော့ကေခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မကျော့ကေခိုင်။**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာစခန်း တိုက်ခန်းအမှတ် ၈၃/၈၄ (ဒုတိယထပ်)၊ အခန်းအမှတ် ၃ နေအိမ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်တိုင်း တိုင်းတရားရုံးတော်၏ ၁၀–၄–၂၀၀၀ ပြည့်နှစ်ရက်စွဲပါ တရားရုံးစီရင်ချက်အရ ဒေါ်တင်ဦးမှ အစဉ်တစိုက်နေထိုင်ကာ လက်ဝယ်ထားရှိပိုင်ဆိုင်သူဖြစ်ပါကြောင်း ပြောဆို၍ ရောင်းချရန်စကားကမ်းလှမ်းလာပါသဖြင့် ကျွန်မ၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ရန်နှင့်ပတ်သက်ပြီး သက်ဆိုင်သူ၊ အကျိုးခံစားခွင့် ရှိသူများရှိပါက ခိုင်မာသော တရားဝင်အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်မထံသို့ စာဖြင့် ပေးပို့၍လည်းကောင်း၊ လူကိုယ်တိုင်ဖြင့် လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဒေါ်ခင်လှတင် (LL.B)**
**Advocate & Legal Consultant**
**အမှတ် ၈၅၊ (မြေညီထပ်)၊ ၃၇ လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၃၇၁၈၉၈၊ ၃၉၁၂၄၈၊**
**HP–၀၉–၅၀–၂၁၂၄၄။**

### မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၅၇၂၃၆ Honda C90 Custom CMN ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးကျော် မှတ်ပုံတင်အမှတ် ၉/မနတ(နိုင်) ၁၀၀၂၈၈၈ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညနစရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

### အမည်ပြောင်း

အဖ ဦးမြင့်ဆွေ၏သားအထက(၂) ပြင်ဦးလွင်မြို့ ဆဋ္ဌမတန်း (A) မှ မောင်အောင်ငြိမ်းချမ်းအား မောင်မင်းပိုင်သန့်ဟု ပြောင်းလဲ ခေါ်ပါရန်။ **မောင်မင်းပိုင်သန့်။**

### ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်သက်မောင်မောင်ဒွေး ၁၂/မရက(နိုင်)၀၀၂၂၂၃၏ လိုင်စင်မှတ်ပုံတင်တာမွေ မေတ္တာညွန့်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၈၀–၃၂၇၁၉၊ ၇၀၉၈၄၄။**

### အမည်မှန်

(၁၀၅)တိုက်–၂၆ အောင်ဇေယျ အိမ်ရာနေ အဖဦးအေးစန်း၏သားမောင်ရဲသီဟ၏ အမည်မှန်မှာ မောင်လင်းထက်မော်နှင့် မွေးသက္ကရာဇ် အမှန်မှာ ၂၆–၆–၁၉၉၀ ဖြစ်ပါကြောင်း။

**မောင်လင်းထက်မော်။**

### အမည်ပြောင်း

လားရှိုးမြို့အထက(၁)သူငယ်တန်း (ခ) မှ အဖ ဦးအောင်ကျော်မြင့်နှင့် အမိ ဒေါ်မိုးနှင်းဆွေတို့၏သမီး မမိုးမြင့်မြတ်အောင်အား မမိုးမြင့်မြတ်ကျော်ဟု ခေါ်ပါရန်။ **မမိုးမြင့်မြတ်ကျော်။**

### ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### ဝန်ကြီးရုံး
## တင်ဒါများဖိတ်ကြားခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ အောက်ဖော်ပြပါ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများတွင် ယှဉ်တွဲဖော်ပြပါ အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ကြားအပ်ပါသည်–

| | **တက္ကသိုလ်/ကောလိပ်/သိပ္ပံ/ကျောင်း** | **ဆောက်လုပ်မည့်အဆောက်အအုံ** |
|---|---|---|
| (က) | ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် | (၂၀၀' x ၄၈') စာသင်ဆောင်(၂)ထပ် (၁)လုံး၊ |
| (ခ) | နည်းပညာတက္ကသိုလ်(မန္တလေး၊ သန်လျင်) | (၁၀၀' x ၅၂' x ၁၅') စာသင်ဆောင်(၁)လုံးစီ၊ |
| (ဂ) | နည်းပညာတက္ကသိုလ်(မှော်ဘီ၊ ပုသိမ်၊ ဗန်းမော်) | (၇၀' x ၂၄')ဆရာဆောင် (၁)လုံးစီ၊ |
| (ဃ) | ကွန်ပျူတာတက္ကသိုလ်(မန္တလေး) | (၁၀၀' x ၅၂' x ၁၅') စာသင်ဆောင် (၁)လုံး၊ |
| (င) | ကွန်ပျူတာတက္ကသိုလ်(ပုသိမ်) | ဝန်ထမ်းအိမ်ရာ (၆)ခန်းတွဲ(၂)ထပ် (၁)လုံး၊ |
| (စ) | ကွန်ပျူတာတက္ကသိုလ်(မြိတ်) | ပင်မ(၃)ထပ် စာသင်ဆောင် (၁)လုံး၊ |
| (ဆ) | အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး၊ ဂန့်ဂေါ) | (၁၀၀' x ၅၂' x ၁၅') စာသင်ဆောင် (၂)လုံးစီနှင့် (၇၀' x ၂၄')ဆရာဆောင် (၁)လုံးစီ၊ |
| (ဇ) | အတတ်ပညာလေ့ကျင့်ရေးသင်တန်းကျောင်း (တီးတိန်၊ မုံရွာ၊ လှိုင်သာယာ၊ လေးထောင့်ကန်) | (၁၀၀' x ၅၂' x ၁၅') စာသင်ဆောင်(၂)လုံးစီ၊ နှင့် (၇၀' x ၂၄')ဆရာဆောင် (၁)လုံးစီ၊ |

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို (B.Q)နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်မှ အကူအညီရယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန်အချက်အလက်များကို အောက်ပါလိပ်စာမှ ဆက်သွယ်စုံစမ်း ရယူနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**ရုံးအမှတ် (၂၁)၊ နေပြည်တော်**
**ဖုန်း–၀၆၇–၄၀၄၁၈၁၊ ၀၆၇–၄၀၄၄၅၆။**

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများသို့ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

### စက်မှု(၁) ဈေးရောင်းပွဲတော်ဖွင့်

**အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်း ပွဲတော်ကို တောင်ကုတ်မြို့ အဝေးပြေးကားဂိတ်ဝင်းအတွင်း၌ မေ ၂၈ရက်မှ မေ၇ရက်အထိ ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းနောင်နှင့်သံတွဲခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

**ရှပ်ပျို တိုင်းရင်းဆေး**

ထုတ်လုပ်ခွင့်လိုင်စင်
၁၁/၂၀၀၅တဆထလ/တိုး (၃၈)

**နှလုံးသွေးတောင့်**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၀–၅–၂၀၀၇ ရက်ထုတ် ဤသတင်းစာ စာ–၁၇ပါ ပြန်လည်ရှင်းလင်း ကြေညာခြင်း ရွှေ့နေဦးဝင်းမောင်၏ ကြော်ငြာတွင် ၁၈–၅–၂၀၀၆ အစား ၁၅–၈–၂၀၀၆ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ကြံ့ခိုင်ရေးဆောင်ရွက်

**ကျောက်တန်းမြို့နယ် တံတားမြို့ အမှတ်(၂)ရပ်ကွက်အတွင်း တူးဖော်ထားရှိသော လေးလက်မစက်ရေတွင်းကို မေ ၂၃ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ကြံ့ခိုင်ရေးဆောင်ရွက်မှုကို မြို့တာဝန်ခံ ဦးမိုးကျော် ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

### အရန်မီးသတ် သင်တန်းဆင်း မီးသတ်ဝတ်စုံပေးအပ်

**ပုလဲ မေ ၂၀**

ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ၌ အရန်မီးသတ်တပ်ဖွဲ့ သင်တန်းဆင်းပွဲနှင့် မီးသတ်ဝတ်စုံပေးအပ်ပွဲကို မေ၁၃ ရက် နံနက် ၁၀နာရီက အဆိုပါကျေးရွာဖွံ့ဖြိုးရေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ဥက္ကဋ္ဌက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို မီးသတ်တပ်စုမှူး ရဲဘော်ရဲမြင့်နိုင်အား ပေးအပ်သည်။

ထို့နောက် ကျေးရွာ ဥက္ကဋ္ဌ ဦးကျော်တင့်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး သင်တန်းသား၅၀ကို မီးသတ်ဝတ်စုံပေးအပ်ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ကုန်အမှတ်တံဆိပ်နှင့်ကုန်စည်စာတမ်းများ သတိပေးကြော်ငြာနှင့်အတုအပ ထုတ်လုပ်ဖြန့်ချိနေသူတို့အား သတိပေးတားမြစ်ကြောင်း ကြေညာချက်

တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် တေဇလမ်း အိမ်အမှတ်(၁၁၄)နေ ဦးကျော်အေး ၁၃/လလန(နိုင်)၀၁၀၇၉၇သည် လယ်ယာသုံးထယ်သွားနှင့်အခြားသံထည်ပစ္စည်းအမျိုးမျိုးတို့ကို တစ်ဦးတည်းမူပိုင် ပိုင်ရှင်အဖြစ် ရှမ်းပြည်နယ် တောင်ကြီးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင် မှတ်ပုံတင်သွင်း၍ တွင်ကျယ်စွာ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။ ပစ္စည်း၏ အရည်အသွေးကို အဓိကထား၍ ထုတ်လုပ်ထားသော လယ်ယာသုံးထယ်သွားနှင့် အခြားသံထည် အမျိုးမျိုးတို့တွင်လည်းဘီး အမှတ်တံဆိပ် ကုန်စည်အမှတ်အသားပါရှိပြီး ဆရာခင် လဲချား၊ဟူသော စာလုံးများကို ရှမ်းဘာသာဖြင့်ရေးသား ခပ်နှိပ်ထား၍ "လင်းထက်ဦး"ဟူသောစာလုံးကို မြန်မာစာလုံးဖြင့် ခပ်နှိပ်ထားပါသည်။

ယခုအခါ ဦးကျော်အေးပိုင် အဆိုပါ ကုန်အမှတ်တံဆိပ်နှင့် ကုန်စည်စာတမ်းအမှတ်အသားများကို တိုက်ရိုက်အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်းတို့ဖြင့် ဈေးကွက်တွင် ဖြန့်ချိရောင်းချလုပ်ကိုင်ဆောင်ရွက် အသုံးပြုနေကြကြောင်း တွေ့ရှိရပါသည်။

မည်သူမဆို ကုန်အမျိုးအစား၊ အမှတ်တံဆိပ်နှင့် ကုန်စည်စာတမ်းအမှတ်အသားတို့ကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ မှိုင်းမြင်တုပ၍ ပြုလုပ်သုံးစွဲ ထုတ်လုပ်ရောင်းချ ဖြန့်ချိခြင်းမပြုပါရန် သတိပေးတားမြစ်လိုက်ပါသည်။ လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အသိပေးကြေညာလိုက်ပါသည်။

**ဦးကျော်အေး**
**၁၃/လလန(နိုင်)၀၁၀၇၉၇၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငွေငွေရီ(ခ)ဒေါ်ခင်စိန်လှိုင်**
**B.Sc(Physics) H.G.P. အထက်တန်းရှေ့နေ**
**၁၅၁၊ ရတနာလမ်း၊ မင်္ဂလာဦးရပ်၊ တောင်ကြီးမြို့။**

# ပခုက္ကူဒေသ ရေဝတီမြစ်အနောက်ဘက်ခြမ်း ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်လျက်ရှိ လမ်း၊ တံတား၊ ဆည်တမံများ ရေရှည်တည်တံ့အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

နေပြည်တော် မေ ၂၅

မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၂ ရက် နံနက် ၇နာရီမိနစ် ၂၀ တွင် ပခုက္ကူမြို့နယ် ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကာ ခြစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းထံ လွှဲပြောင်းပေးအပ်စဉ်။

(သတင်းစဉ်)

# အနာဂတ်တွင် ပညာရည်မြင့်မားသော မျိုးဆက်သစ်များ ပိုမိုပေါ်ထွန်းရေး ဆရာ၊ ဆရာမများက တီထွင်မြော်မြင် တွေးခေါ်တတ်အောင် သင်ကြားပေး

ရန်ကုန် မေ ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီးဒေါ်ကြည်ကြည်အုန်းတို့ ဦးဆောင်မှုဖြင့် စေတနာရှင်များက လှူဒါန်းသော ပဲခူးတိုင်း ပဲခူးမြို့နယ် ထုံးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ် ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် အဆိုပါ ကျောင်းဆောင်သစ်ဥပစာရှေ့၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ချီးမြှင့်၍ ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

## တက်ရောက်

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဇနီး၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေး စာမျက်နှာ ၆ ကော်လံ ၁ ❐

**မှတ်သားဖွယ်ရာ မိုးရေချိန်**

**၂၅-၅-၂၀၀၇**

| | |
|---|---|
| ကန့်ဘလူ | ၂ ဒသမ ၂၉ လက်မ |
| အမ်း | ၁ ဒသမ ၅၇ လက်မ |
| ခရမ်း | ၁ ဒသမ ၃၀ လက်မ |
| ထားဝယ် | ၁ ဒသမ ၁၈ လက်မ |

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပ

နေပြည်တော် မေ ၂၅

**၂၀၀၇-၂၀၀၈ခု ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၏ဇနီး ဒေါ်ဆွေဆွေဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ပျဉ်းမနား၊ လယ်ဝေးနှင့်တပ်ကုန်းမြို့နယ်များမှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်ကျောင်းသားမိဘများ တက်ရောက်ကြသည်။

## ပူးပေါင်းပါဝင်

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာရေးအတွက် ကဏ္ဍပေါင်းစုံက နှစ်တိုနှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးမြှင့်တင်မှု အစီအစဉ်မြောက်မြားစွာအနက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေး စီမံချက်သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သတ်မှတ်ကာလအတွင်း သင်ယူပြီးမြောက်စေရေးအတွက် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးနှင့် ကျောင်းနေသည့် ကလေးတိုင်း ကျောင်းနေမြဲရေးလုပ်ငန်းတို့အတွက် ဒေသအာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင် စာမျက်နှာ ၇ ကော်လံ ၁ ❍

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း လာရောက်အပ်နှံကြသည့် ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)